# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်　၂၀၂၄ ခုနှစ်၊ ဇွန် ၃ ရက်၊ တနင်္လာနေ့　အတွဲ (၆၃)၊ အမှတ်(၂၄၂)


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံသီတင်းပတ်ကာလအတွင်း အခြေခံပညာ ကျောင်းသား ကျောင်းသူ ၆၃ သိန်းကျော် အပ်နှံပြီးစီး



**နေပြည်တော် ဇွန် ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ၌ **ကျောင်းသား ကျောင်းသူ ၆၃၉၄၅၂၈ ဦး အပ်နှံပြီးစီးခဲ့ပြီး** ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများလည်း သက်ဆိုင်ရာကျောင်းများသို့ လာရောက်၍ ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် မိဘအုပ်ထိန်းသူများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❏

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၃ ရက်မှ ၉ ရက်အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၃၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## ယနေ့ ဖတ်စရာ


ကလေးများကျောင်းတက်တာဟာ အနာဂတ်နိုင်ငံတော် ထွန်းတောက်စေဖို့ပါ　ဆောင်းပါး　စာ ၈

စိုက်ပျိုးရေးအတတ်ပညာများလေ့လာသင်ယူဖို့ အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ကြစို့　ဆောင်းပါး　စာ ၁၀

ဂါဇာ၌ ငတ်မွတ်ခေါင်းပါးမှုမှ ရှောင်ရှားရန် လုံလောက်သည့် အစားအသောက် အကူအညီများ လိုအပ်　နိုင်ငံတကာသတင်း　စာ ၁၃

ဒွါရာဝတီ ငပလီကမ်းခြေဒေသမှ MSME ငါးနီတူပြုတ်ခြောက်လုပ်ငန်းကို လေ့လာခြင်း　ဆောင်းပါး　စာ ၁၆

# တန်းစဉ်မှန်မှန်ကူးပြောင်းလျက် မပျက်မကွက် ပညာခရီးရှေ့သို့ဆက်

“လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်။ ပညာသင်ကြားရေးသည် အနည်းဆုံးမူလတန်းနှင့် အခြေခံအဆင့်တို့တွင် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရဖြစ်ရမည်။ စက်မှုလက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာများကို လူအများသင်ယူနိုင်စေရမည်ဖြစ်ပြီး အဆင့်မြင့်ပညာရေးကို အရည်အချင်းပေါ် အခြေခံ၍ အားလုံးတန်းတူရည်တူရရှိစေရမည်။”ဟု ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၂၆ အပိုဒ်ခွဲ(၁)တွင် ဖော်ပြထားသည်။ ပညာသင်ယူခွင့်သည် လူ့အခွင့်အရေးဖြစ်ပြီး ပညာသင်ယူခွင့်အပေါ် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ တစ်နည်းနည်းဖြင့် ပိတ်ပင်ခြင်းတို့မှာ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း “နိုင်ငံတော်သည် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ဖော်ဆောင်ရမည်။”ဟူ၍လည်းကောင်း၊ “နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်။” ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ လက်ရှိမိမိတို့နိုင်ငံတွင် အခမဲ့ မသင်မနေရပညာရေးစနစ်ကို အခြေခံပညာအလယ်တန်းအဆင့်အထိ ဖော်ဆောင်နေပြီး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်မှုများ မရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၃၉၄၅၂၈ ဦး အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိနေသည့် ကျောင်းသား ကျောင်းသူများလည်း သက်ဆိုင်ရာကျောင်းများသို့ လာရောက်အပ်နှံလျက်ရှိသည်။

ကျောင်းအပ်နှံသည့် ကလေးများအားလုံးအတွက် ပညာရေးဝန်ကြီးဌာနက ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တို့ကို အခမဲ့ဖြန့်ဝေပေးသည့်အပြင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများပါ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ မိမိတို့နိုင်ငံတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းပေါင်း ၆၁၇၈ ကျောင်း၊ အလယ်တန်းအဆင့် ကျောင်းပေါင်း ၁၅၈၇၇ ကျောင်း၊ မူလတန်းအဆင့် ကျောင်းပေါင်း ၂၅၇၀၅ ကျောင်းရှိရာ စုစုပေါင်း အခြေခံပညာအဆင့်ကျောင်းပေါင်း ၄၇၇၆၀ ကျောင်းရှိသည်။ နိုင်ငံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နိုင်ရန်အတွက် လူသားအရင်းအမြစ်သည် အဓိကဖြစ်ရာ နိုင်ငံသူ နိုင်ငံသားတို့ ပညာရည်မြင့်မားရေးကို နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၃ ပုံ ၁ ပုံခန့် ဖြစ်သော ၁၈ ဒသမ ၂ သန်းခန့်မှာ အလယ်တန်းအဆင့်နှင့် ၎င်းအဆင့်အောက် ပညာမသင်ကြားခဲ့ရသူများဖြစ်ရာ ပညာရေးမြှင့်တင်မှုသည် မဖြစ်မနေ အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းလည်း ဖြစ်သည်။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများအပေါ် အခြေခံပြီး မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို လေ့လာဆန်းစစ်ကြည့်ရာတွင် မူလတန်းအောင်မြင်၍ အလယ်တန်းသို့ တက်ရောက်သူ ၆၈ ဒသမ ၁၂ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့် (နဝမတန်း)သို့ မူလကျောင်းစတင်နေသူဦးရေ၏ ၄၉ ဒသမ ၂၈ ရာခိုင်နှုန်း တက်ရောက်ခဲ့ကြပြီး နဝမတန်းမှ တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်နိုင်သူမှာ စတင်ကျောင်းနေသူဦးရေ၏ ၁၉ ဒသမ ၅၅ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ သူငယ်တန်းမှ ကျောင်းတက်ခဲ့သူ ၁၀၀ တွင် ၂၀ ခန့် နီးနီးသာ တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိလာပြီး ၈၀ ကျော်မှာ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားကြခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် အခမဲ့ပညာရေးစနစ်ကို အလယ်တန်းအဆင့်ထိ ဖော်ဆောင်ပေးထားပြီး အခြေခံပညာအလယ်တန်းအဆင့် (KG+9) သင်ယူပြီးမြောက်ပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူ၊ စာရင်းရေး စာရင်းကိုင်စသည့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါင်းစပ်ပါဝင်နေသော သက်မွေးဝမ်းကျောင်းပညာရေးဖြင့် ပညာရေးခရီးကို ဆက်လှမ်းနိုင်ကြမည်ဖြစ်ရာ ကျောင်းထွက်သူများ ပပျောက်ရေး၊ တန်းစဉ်မှန်မှန် ကူးပြောင်းရေးအတွက် မိဘ၊ အုပ်ထိန်းသူ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများနှင့် လူမှုအသိုက်အဝန်းအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ကျောင်းတက်ချိန်

❊ မိုးစွေငှက်လေးတေးသံကြည်  
မိုးလချိန်ရာသီ၊  
ဂျိုးဂျိမ့်ဂျိမ့်မြည် ကိုရွှေမိုး  
ရွာဖို့ လှုံ့ဆော်နှိုး။

❊ ထွန်ယက်စိုက်ပျိုး လုပ်ငန်းခွင်  
လုပ်အားစဖို့ပြင်၊  
လယ်ယာဥယျာဉ် စဉ်တကျ  
မျိုးစုံစိုက်ပျိုးကြ။

❊ ဟိုနားလေးက ပန်းရိပ်မြုံ  
သင်းပျံ့မွှေးထုံထုံ၊  
ကျေးငှက်မျိုးစုံ ဆိုဆိုတေး  
နားဝင်ချိုချိုအေး။

❊ မြေသင်းနံ့လေး မွှေးကြူကြူ  
လေကောင်းလေသန့်ရှူ၊  
ကျန်းမာရေးမှု စည်းဝါးကျ  
စဉ်မြဲလိုက်နာကြ။

❊ သာယာအေးမြ မြို့ရပ်ရွာ  
ကျောင်းတွေ ဖွင့်ချိန်ပါ၊  
အခြေခံပညာ သင်ယူဖို့  
မှန်မှန်ကျောင်းတက်စို့။ ။

ဖိုလေးလုံးသောင်းကိုကို

## မိုင်းဆတ်မြို့နယ်၌ ခရိုင်/မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

မိုင်းဆတ် ဇွန် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ခရိုင်/မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အ.ထ.က(မိုင်းဆတ်) မြတ်ပညာခန်းမ၌ ကျင်းပရာ အ.ထ.က(မိုင်းဆတ်)မှ ကျောင်းသား ကျောင်းသူလေးများက “မြန်မာ့ ကျောင်း” သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် အခမဲ့ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများနှင့် သင်ထောက်ကူပစ္စည်းများကို နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းကျော်သန့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။(အောက်ပုံ)

မြင့်မောင်(မိုင်းဆတ်)



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်၊ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဇွန်  ၂**

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်ဥပဒေနှင့် စက်မှုဇုန်နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ စက်မှုဇုန်ဥပဒေ၏ ရည်ရွယ်ချက်၊ ကော်မတီများဖွဲ့စည်းခြင်း၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဖွဲ့စည်းပုံ၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဒေသဆိုင်ရာကော်မတီမှ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စက်မှုဇုန်အသစ် တည်ထောင်ခြင်းနှင့် သတ်မှတ်ကြေညာခြင်း၊ ယခင်စက်မှုဇုန်များနှင့် စီမံခန့်ခွဲရေးကော်မတီများ ပေါ်ပေါက်လာပုံ၊ တည်ထောင်ပြီးစက်မှုဇုန်များရှိစက်မှုလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ စက်မှုဇုန်စီမံကိန်းများ၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကျင်းပပြုလုပ်ခဲ့မှုတို့ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများအခြေအနေ၊ မြေအသုံးချမှုအခြေအနေနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက နည်းဥပဒေပါအချက်အလက်များနှင့်အညီ စက်မှုဇုန်များအား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ချည်မျှင်နှင့် အထည်ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနသို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဌာနတာဝန်ခံ က ချည်မျှင်နှင့် အထည်များ စမ်းသပ်စစ်ဆေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဝတ်ဆင်ရေးကဏ္ဍ ပြည့်စုံဖူလုံစေရေးအတွက် ဝါမှ ဝါဂွမ်း၊ ချည်၊ အထည်ရက်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းထုတ် အဝတ်အထည်များ၏ အရည်အသွေးတိုးတက် ကောင်းမွန်စေရေးအတွက် စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝါဂွမ်း၊ ချည်၊ အထည်စမ်းသပ်စစ်ဆေးသည့် နည်းပညာရပ်များ ပြန့်ပွားအောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း မှာကြားပြီး ဝါဂွမ်း၊ ချည်နှင့်အထည်များဆောင်ရွက်လျက်ရှိသည့် စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်လုပ်ငန်းဆောင်ရွက်မည့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှလိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိရေးအတွက် သက်မွေးပညာသင်ကျောင်းများ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ စက်ရုံရှိ စက်ပစ္စည်းများနှင့်ပတ်သက်၍ ကြိုတင်စစ်ဆေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များရေးဆွဲပြီး တိတိကျကျ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီး ဌာနတို့မှ အမှာစာဖြင့် မှာယူထားသည့် ဆေးဝါးများကို အချိန်မီထုတ်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်၊ ကုန်ကြမ်းများ ဝယ်ယူရာတွင် ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အဂတိတရားကင်းကင်းဖြင့် စေတနာထားဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





❑ ***ရှေ့ဖုံးမှ***

ကျောင်းသား ကျောင်းသူများ ကျောင်းလာရောက် အပ်နှံလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက လာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့်ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးဆောင်ရွက်ပေးကြပြီး ပညာရေးဝန်ကြီးဌာနမှ ကျောင်းအပ်နှံသည့် ကလေးများအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တို့ကို အခမဲ့ဖြန့်ဝေပေးပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများပါ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အပြင် အကြောင်း အမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံ ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးထားရှိသည့် နွေနှမ်းနှင့် နွေစပါးစိုက်ခင်းများ ပန်းတိုင်အထွက်ရရှိရေး ဆောင်ရွက်ထားရှိ

**နေပြည်တော် ဇွန် ၂**

နေပြည်တော်ကောင်စီ နယ်မြေအတွင်း စိုက်ပျိုးထားရှိသည့် နွေနှမ်းနှင့် နွေစပါးစိုက်ခင်းများ ပန်းတိုင်အထွက်ရရှိရေး မုန်တိုင်းမိုးနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်ပျက်စီးမှုလျော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ စနစ်ကျလယ်ယာမြေတွင် စိုက်ပျိုးထားရှိသော နွေနှမ်းနှင့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးအား ဒေသခံတောင်သူများက နွေနှမ်းစိုက်ပျိုးမှု အတွေ့အကြုံများနှင့် နှမ်းအပြီး မိုးစပါးစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းပွင့်လင်းစွာ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နှမ်းသီးနှံသည် ယခုဒေသအတွက် သီးနှံအမယ်သစ် စိုက်ပျိုးမှုအတွေ့အကြုံသစ်ဖြစ်၍ လိုအပ်ချက်များ ရှိနိုင်ကြောင်း၊ မိမိတို့ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အနီးကပ် စောင့်ကြည့်လေ့လာ၍ လိုအပ်ချက်များ ကူညီပံ့ပိုးပေးနိုင်ရေးနှင့် နောက်စိုက်ပျိုးရာသီများတွင် ဆောင်ရွက်ရန်လိုအပ်သည့် အချက်များကို ဖော်ထုတ်လေ့လာ မှတ်တမ်းပြုစုပြီး မြေပြင်ထွန်ယက်ခြင်း၊ မျိုးစေ့ချစိုက်ပျိုးခြင်း၊ အပင်ပြုစု စောင့်ရှောက်ခြင်းနှင့် ရိတ်သိမ်းသိုလှောင်ခြင်း လုပ်ငန်းများအထိ စနစ်တကျ ဆောင်ရွက်နိုင်ရန်၊ တောင်သူအကျိုးရှိစေမည့် သီးနှံအထွက်ရရှိစေရန်၊ ရာသီဥတုအပါအဝင် သီးနှံထိခိုက် ပျက်စီးမှုများမဖြစ်ပေါ်စေရန် စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းလိုအပ်ချက်များ၊ သစ်ဆိမ့်ပင်ကျေးရွာအနီး ရိုးချောင်းရေစီးရေလာ မကောင်းခြင်းကြောင့် စပါးခင်းရေထွက်ပေါက် ပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းအတွက် မြောင်းတူးလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း လုပ်ဆောင်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မော်လမြိုင် – ရန်ကုန် လေအိတ်အမြန်လူစီးရထားနှင့် ရိုးရိုးအမြန်လူစီးရထားများကို နေ့စဉ် တစ်ရက်ခြား ပြေးဆွဲလျက်ရှိ

**မော်လမြိုင် ဇွန် ၂**

မြန်မာ့မီးရထားဌာန အမှတ်(၈)တိုင်း၊ မော်လမြိုင် ဘူတာကြီးမှ နံနက် ၈ နာရီခွဲ ထွက်ခွာပေးသော အမှတ်(၈၂)အစုန် မော်လမြိုင်–ရန်ကုန် လေအိတ်အမြန်လူစီးရထားနှင့် ရိုးရိုးအမြန်လူစီးရထားများကို နေ့စဉ်တစ်ရက်ခြား ပြေးဆွဲလျက်ရှိသည်။ အထက်တန်းလက်မှတ်များကို ခရီးသွားမည့်သူကိုယ်တိုင်ပါဝင် မှတ်ပုံတင်ပြ၍ နောက်ထပ်အပို သုံးစောင်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်များကို ခရီးသွားမည့်သူကိုယ်တိုင် အပါအဝင် မှတ်ပုံတင်ပြ၍ နောက်ထပ်အပိုငါးစောင်ကို တစ်ရက်ကြိုတင်၍ လည်းကောင်း နေ့စဉ် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တစ်ကြိမ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ရထားစီးခရီးသည်များ လွယ်လင့်တကူ ရထားလက်မှတ်များ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် မေ ၂၇ ရက်မှစတင်ပြီး အမှတ်(၈)တိုင်း၊ မန်နေဂျာ(တိုင်းတာဝန်ခံ)၏ စီစဉ်ကြီးကြပ်ဆောင်ရွက်မှုဖြင့် အထက်တန်းလက်မှတ်များကို ခရီးသွားမည့်သူကိုယ်တိုင် အပါအဝင် နောက်ထပ်အပို နှစ်စောင်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်များကို ခရီးသွားမည့်သူကိုယ်တိုင် အပါအဝင် နောက်ထပ်အပို နှစ်စောင်ကို တစ်ရက်ကြိုတင်၍လည်းကောင်း နေ့စဉ်နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တစ်ကြိမ် လေအိတ်လူစီးအမြန် ရထား အထက်တန်းလက်မှတ်ခကို ငွေကျပ် ၁၁၀၀၀ ဖြင့်လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ခကို ငွေကျပ် ၆၀၀၀ ဖြင့်လည်းကောင်း၊ ရိုးရိုးရထားကို အထက်တန်း လက်မှတ်ခ ငွေကျပ် ၁၀၀၀၀ ဖြင့်လည်းကောင်း၊ ရိုးရိုးတန်း လက်မှတ်ခကို ငွေကျပ် ၅၀၀၀ ဖြင့်လည်းကောင်း နေ့စဉ် မော်လမြိုင်ဘူတာကြီး၌ ရုံပိုင်ကြီး (အထူးတန်း) မော်လမြိုင်ဘူတာမှ အသံချဲ့စက်ဖြင့် ကြေညာရောင်းချပေးလျက်ရှိပြီး မော်လမြိုင်ဘူတာကြီးတွင် ရထားလက်မှတ်မှောင်ခိုများ မဖြစ်ပေါ်စေရေးအတွက် မန်နေဂျာ (တိုင်းတာဝန်ခံ) ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရုံပိုင်ကြီး (အထူးတန်း) မော်လမြိုင်၊ ရုံပိုင် (တာဝန်ခံ)မော်လမြိုင်၊ တာဝန်ကျ (၃-ရုံပိုင်)များ၊ လက်မှတ်စစ်များမှ မီးရထားရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နေ့စဉ်ကြီးကြပ်စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# တောင်ပေါ်နှင့် မြေပြန့်ဒေသတို့မှ ထွက်ရှိလာသည့် ပန်းမုန်လာများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၂**

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းသီးနှံ ဈေးကွက်သို့ တောင်ပေါ်နှင့်မြေပြန့်ဒေသတို့မှ ထွက်ရှိလာသည့် ပန်းမုန်လာများ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များ ကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံဈေးကွက်အတွင်းသို့ ပန်းမုန်လာများ နေ့စဉ် ခြောက်ဘီးကားအစီးရေ လေးစီးမှ ငါးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ပန်းမုန်လာများသည် ဈေးကွက်သို့ လှိုင်လှိုင် ဝင်ရောက်လာကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိမှာ ပန်းမုန်လာက မြေပြန့်ဒေသက ထွက်ရှိလာပြီး ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ အောင်ပန်းဒေသက ထွက်တဲ့ ပန်းမုန်လာတွေလည်း ဈေးကွက် အတွင်းဝင်ရောက်လာပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥနဲ့ ကြက်သွန်နီစတဲ့ သီးနှံတွေလည်း အရောင်း အဝယ် တွေကောင်းနေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ပန်းမုန်လာများကို လက်ရှိအချိန်၌ တောင်ပေါ်နှင့် မြေပြန့်ဒေသများတွင် အဓိကထား စိုက်ပျိုးကြပြီး ထွက်ရှိလာကြောင်း၊ ယင်းသီးနှံသည် ဆယ့်နှစ်လရာသီ ထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီ အထိဖွင့်လှစ်၍ ရောင်းချပေးနေကြောင်း သိရသည်။ **မောင်အေးချမ်း**



◆ **ရှေ့ဖုံးမှ**

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်း မြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည် နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင် ကြောင်း သိရသည်။ **သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အခြေခံပညာကျောင်းများမဖွင့်မီ ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကြည့်ရှုအားပေး

**မန္တလေး ဇွန် ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်း ပျော်ရွှင်စွာဖြင့် စိတ်ချမ်းမြေ့စွာသင်ယူနိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဥပစာရပ်များ ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်း သာယာ အမြင်တင့်တယ်စေရေးအတွက် အခြေခံ ပညာကျောင်းများ ဖွင့်လှစ်ချိန်အမီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်တို့သည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇွန် ၁ ရက်က အောင်မြေသာစံခရိုင်နှင့် မဟာအောင်မြေခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများသို့သွားရောက်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ပေးနေမှုများနှင့် စာသင်ခန်းများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ (ယာပုံ)

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ ဆက်လက်၍ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အမှတ်(၅) အခြေခံ ပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက် မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် စာသင်ခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် အောင်မြေသာစံမြို့နယ် ဘုန်းတော်ကြီးရပ်ကွက်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် ချင်းတွင်းဆောင် RCC သုံးထပ်စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ချင်းတွင်းဆောင် RCC သုံးထပ်စာသင်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှု

**စစ်တွေ ဇွန် ၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁ ရက်က စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ ကျောင်းအတွင်း အားကစားကွင်းများ၊ အားကစားခန်းမများနှင့် စာကြည့်တိုက်ခန်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ ဒေသခံပြည်သူများက စွန့်ပစ်အမှိုက်များ ကောက်ယူ သိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ပေါင်းပင်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။ ထို့ပြင် ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်းရေး ဆောင်ရွက်ခြင်းနှင့် ကျောင်းအနီးပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများကလည်း စွန့်ပစ်အမှိုက်များကို သိမ်းဆည်းပြီး အမှိုက်သိမ်းကားဖြင့် သိမ်းယူကာ စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း ၅၄ စုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၈၁ ခု ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဇွန် ၂**

"လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစီးမှူးရုံးမှ လဝကမှူး ဦးကျော်ကျော်ဝင်းနှင့်အဖွဲ့က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၅၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ရဲမှူး တင်ထွန်းနိုင်နှင့် မြို့နယ်လဝကဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်ဇော်တို့က ပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ် အသုံးဝင်ပုံများအား ရှင်းလင်းပြောကြားကာ အိမ်ထောင်စု လူဦးရေစာရင်း ၅၄ စု အား ပြည်သူများ လက်ဝယ်သို့ ပေးအပ်သည်။

အဆိုပါ အိမ်ထောင်စုများမှ ၁၈ နှစ်ပြည့်ပြီးသူ ၇၈ ဦးနှင့် ၁၀ နှစ်ပြည့်ပြီးသူ သုံးဦး စုစုပေါင်း ၈၁ ဦး တို့အား နိုင်ငံသား စိစစ်ရေးကတ်များ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ စ၍ ပြည်သူများအား ဇီဝဆိုင်ရာအချက်အလက်များကောက်ယူပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မေ ၃၁ ရက်အထိ ပြည်သူ ကျား ၂၁၀၄၈ ဦး၊ မ ၁၈၀၉၇ ဦး ပေါင်း ၃၉၁၄၅ ဦးအား ကောက်ယူပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**



# အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်းကျောင်းတွင် ကျောင်းအပ်နှံရေးနေ့ကျင်းပ ကျောင်းသားကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့

**မန္တလေး ဇွန် ၂**

၂၀၂၄-၂၀၂၅ပညာသင်နှစ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က




ချမ်းမြသာစည်မြို့နယ် ၇၃လမ်းရှိ အားကစားနှင့်ပညာရေး ပေါင်းစပ်အထက်တန်းကျောင်း၌ ကျင်းပရာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "တိုင်းနိုင်ငံအားလုံး ကျောင်းအပ်ကြစို့" သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် အထက်တန်း၊ အလယ်တန်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံများကို ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများက ပေးအပ်သည်။ (ဝဲပုံ)

အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ရှိ အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်တန်းကျောင်းကို ဇွန် ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၅) တက်ရောက်

**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၅)ကို မေ ၂၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ယခုအစည်းအဝေးတွင် တင်ပြလာသည့် Centig Shwe Bo Co.,Ltd. သည် မိမိတို့ တိုင်းဒေသကြီး၏ အဓိကအားပေးဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းအပြင် ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ရွှေဘိုပေါ်ဆန်းဆန်ကို ပြည်တွင်း ပြည်ပဈေးကွက်တွင် ခိုင်မာစွာ ရပ်တည်နိုင်သည့် ဒေသထွက်ကုန်တစ်မျိုးအဖြစ် အသိအမှတ်ပြုနိုင်သည့် ထွက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအား ကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ရွှေဘိုပေါ်ဆန်းအပြင် ဒေသမှအကြိုက်များသည့် ရွှေဘိုရေမာင်းဆန်ကိုလည်း ကြိတ်ခွဲထုတ်လုပ်ရောင်းချရန်နှင့် ရွှေဘိုပေါ်ဆန်း ဆန်ဈေးကွက်သည် တဖြည်းဖြည်းကျယ်ပြန့်လာပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့် မြို့ကြီးများအပြင် တောင်ပေါ်ဒေသများဖြစ်သည့် ရှမ်း၊ ကယား၊ ကရင် စသည့် ဒေသများတွင်လည်း ဈေးကွက်ရရှိပြီး ဝယ်လိုအားကောင်းသည့် ထွက်ကုန်တစ်ခုဖြစ်ကြောင်း၊

မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်များသို့ ပါတင်ပို့နိုင်အောင်နှင့် မြန်မာ့ဆန်ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း၏ ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်အောင် ထိုးဖောက်ကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ယခင်အစည်းအဝေးဆုံး ဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆန်စပါးကြိတ်ခွဲ သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် Centig Shwe Bo Co.,Ltd. မှ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် ရာနှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Shwe Ngwe Aye Toe Co.,Ltd. မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းသုံး




ပစ္စည်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ပြန်လည်တင်ပြလာခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကုမ္ပဏီလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ၂၀၂၄ ခုနှစ် မေလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်း ဝင်ရောက်လာခဲ့ပြီး ဒေသခံပြည်သူ ၈၉၃ ဦး အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့

**ပဲခူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) ကို မေ ၃၁ ရက်က တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် အခြေခံအားဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လုံလောက်သည့် မြေဧရိယာ ပေါများခြင်း၊ လုပ်သားအင်အား ပေါကြွယ်ဝခြင်းနှင့် အတူ ဘေးကင်းလုံခြုံပြီး တာဝန်ယူမှု၊ တာဝန်ခံမှု အာမခံချက်ရှိသည့် နေရာကိုသာ အဓိကရွေးချယ်ဆောင်ရွက်ခြင်းဖြစ်၍ မိမိတို့ တိုင်းဒေသကြီးအတွင်း လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများကို နွေးနွေးထွေးထွေး ကြိုဆိုလျက်ရှိကာ ရေရှည်ရင်းနှီးမြှုပ်နှံနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်သားအင်အားများများ တစ်ပြိုင်တည်း အလုပ်အကိုင် အခွင့်လမ်းပေးနိုင်သည့် CMP လုပ်ငန်းများကိုလည်း လာရောက် လုပ်ကိုင်နိုင်ရန် ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊ ဒေသခံပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများ အနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ယှဉ်တွဲလုပ်ကိုင် ဆောင်ရွက်နိုင်စေ ရန်နှင့် ဒေသတွင်း နိုင်ငံတကာ စံနှုန်းနှင့်ညီသော စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ခေတ္တအတွင်းရေးမှူးက နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခု၏ လုပ်ငန်းစီမံချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များက အကြံပြုဖြည့်စွက် တင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ၏ တင်ပြချက်များအရ မေလအတွင်း ပဲခူးတိုင်းဒေသကြီး အတွင်းသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းနှင့် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်း ၈၉၃ ဦး ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေလအထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုနှင့် အမေရိကန်ဒေါ်လာ ၂၀၀ ဒသမ ၁၁၅ သန်းနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု မြန်မာကျပ်ငွေ ၈၁၁၁၁ ဒသမ ၀၁၁ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်း ၁၂၄၉၀ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ မိုးရာသီ အကြိုသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရွှေတောင် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ရန်ကုန် - ပြည်ကားလမ်းဘေး မိုင်တိုင် (၁၅၉ /၇) အနီးတွင် ယမန်နေ့က ၂၀၂၄ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇာနည်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ထန်းကုန်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ကျွန်းပင် ၅၀၊ ပိတောက်ပင် ၅၀၊ ပျဉ်းကတိုးပင် ၃၀ နှင့် ယမနေ ၂၀ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ မွန်ပြည်နယ်ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုကြိုဆို



**မော်လမြိုင် ဇွန် ၂**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ မွန်ပြည်နယ် ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။

ဦးစွာ အောင်ပွဲရ မွန်ပြည်နယ်ပိုက်ကျော်ခြင်း အသင်းအဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အားကစားမြှင့်တင်ခြင်းသည် နိုင်ငံ၏ ဂုဏ်ကို မြှင့်တင်တည်ဆောက်ခြင်းဖြစ်ပြီး အားကစား အောင်နိုင်ခြင်းသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို တိုးတက်မြင့်မားသည် ဟူသော ခံယူချက်ဖြင့် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ခေတ်တွင် အားကစားကို နိုင်ငံတော်အဆင့်မှ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပွဲတော်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပိုက်ကျော်ခြင်းအသင်း အောင်ပွဲရဆုဖလားအား ပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူပြီး **(အပေါ်ယာပုံ)** ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဂုဏ်ပြုငွေ စုစုပေါင်း ကျပ် ၂၅ သိန်းအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက လည်းကောင်း၊ ရွှေတံဆိပ်ဆုရရှိသော ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုငွေကျပ် သိန်း ၅၀ ကို ပြည်နယ် ပိုက်ကျော်ခြင်း ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်မျိုးသွင်က လည်းကောင်း ပေးအပ်ချီးမြှင့်ရာ အောင်ပွဲရ အမျိုးသမီး ပိုက်ကျော်ခြင်း အားကစားသမားများက လက်ခံယူကြသည်။

ယင်းနောက် ပြည်နယ် ပိုက်ကျော်ခြင်း အသင်းနည်းပြ ဒေါ်နွယ်နွယ်ထွေးက ပြိုင်ပွဲ အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(မြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဌာနဆိုင်ရာဝန်ထမ်းများ၏ သား သမီးများအား ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်



**ပုသိမ် ဇွန် ၂**

၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဌာနဆိုင်ရာဝန်ထမ်းများ၏ သား သမီးများအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ကျောင်းနေအရွယ် ကလေးများအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်မှ ပညာသင်ယူရာတွင် အခက်အခဲမရှိစေရေးအတွက် အခမဲ့ပညာရေးစနစ်ဖြင့် ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် မူလတန်းကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ ပေးထားပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ဌာနဆိုင်ရာဝန်ထမ်းများ၏ သား သမီးများအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံပစ္စည်းများအား ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း၊ ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များစွာ မွေးထုတ်ရာ တိုင်းဒေသကြီးလည်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများနှင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က အထက်တန်းဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် ဇနီးတို့က အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က မူလတန်းဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံပစ္စည်းများကို ပေးအပ်သည်။

၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်အတွက် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၏ သား သမီးများအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ၁၂၂၉ ဦး၊ အလယ်တန်းအဆင့် ၆၇၉ ဦး၊ အထက်တန်းအဆင့် ၅၈၄ ဦး၊ တက္ကသိုလ်အဆင့် ၄၀၃ ဦး စုစုပေါင်း ၂၈၉၅ ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ်(သန်လျင်)၌ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက် ကျောင်းသားများ၏ သုတေသနပရောဂျက်များ ကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန် ၁ ရက်တွင် နည်းပညာတက္ကသိုလ် (သန်လျင်)၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ၊ ကျောင်းတွင်း အဆောင်များတွင် နေထိုင်သော ကျောင်းသား ကျောင်းသူများနှင့် အတူ နှစ်ရှည်ပင်များကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဇွန် ၃ ရက်နေ့ ကျောင်းများဖွင့်ချိန်မှစ၍ သတ်မှတ် အချိန်ဇယားများအတိုင်း အင်အားသစ်များနှင့် အတန်းများ တက်ရောက်ပြီး လက်တွေ့ လုပ်ငန်းများကို ရွှင်လန်းတက်ကြွစွာ ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ စာအုပ်များအပြင် သတင်းစာများ၊သုတ/ရသစာအုပ်များကို ဖတ်ရှုကြရန်နှင့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံစေသည့် ပြည်သူ့အကျိုးပြု အင်ဂျင်နီယာကောင်းများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ယနေ့သစ်ပင်စိုက်ပျိုးမှု အပါအဝင် ကျောင်းသား ဘဝ အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေး တစ်တပ်တစ်အားဖြစ်စေမည့် အရည်အသွေးစံမီသည့် လူငယ်အင်ဂျင်နီယာများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးနှင့် ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် စွမ်းရည်မြင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်သွားရန်၊ ဒေသတွင်းရှိ သီလဝါ အထူးစီးပွားရေးဇုန်နှင့် MSME များ ဖွံ့ဖြိုးရေးအထောက်ကူပြု နည်းပညာများကို ပံ့ပိုးပေးနိုင်ရေးအတွက် University–Industry Collaboration မြှင့်တင်ဆောင်ရွက်ရင်း Ranking မြင့် နည်းပညာတက္ကသိုလ်ဖြစ်စေရေး ဦးတည်ဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်း မှာကြားကာ အခက်အခဲ တင်ပြမှုများအပေါ် ဖြေရှင်း ဖြည့်ဆည်းပေးပြီး တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ ပြင်ဆင်ထားရှိမှုများ၊ တက္ကသိုလ် ဥပဓိရုပ်တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် Academic Calendar အလိုက် သက်ဆိုင်ရာ ကျောင်းသား ကျောင်းသူများ၏ သုတေသနပရောဂျက်များကိုကြည့်ရှုအားပေးကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အထောက်အကူပြုမည့် ခေါင်းစဉ်များကို ရွေးချယ်၍ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်တွင်း ပြည်ပ နည်းပညာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နိုင်ငံ့ဂုဏ်ဆောင် နည်းပညာကျောင်းသားများ ဖြစ်စေရေး ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကလေးများကျောင်းတက်တာဟာ အနာဂတ်နိုင်ငံတော် ထွန်းတောက်စေဖို့ပါ

ဒေါက်တာ မောင်သင်း



■ အမှန်တကယ်တွင် ပညာရေးသည် လူပြင်သောအလုပ် ဖြစ်ပါသည်။"လူပြင်"သည်ဆိုရာဝယ် ပျက်နေသည့်အရာကို ပြင်ဆင်ခြင်းမဟုတ်ပါ။ အသင့်အနေအထားဖြစ်စေရန် "ကြိုတင်ပြင်ဆင်ထားခြင်း"ပါ။ စွမ်းရည်ပြည့်ပြည့်ဖြင့် အသင့်အနေအထားဖြစ်အောင် ပြင်ဆင်ထားခြင်းကြောင့် "လူပြင်သည့်နေရာမှာ ကျောင်းပါ" တဲ့

■ တကယ်တော့ ယနေ့ ကလေးများကို ဘဝနောက်ခံ မတူညီသူအချင်းချင်း ပျော်ရွှင်ငြိမ်းချမ်းစွာ ပညာသင်တတ်ရန်၊ နားလည်စာနာမှုအပြည့်ဖြင့် နေထိုင်တတ်ရန်၊ အတန်းအကျိုး၊ ကျောင်းအကျိုး စုပေါင်းသယ်ပိုးတတ်ရန်နှင့် နောက်ဆုံးတွင် ဒီမိုကရေစီအနှစ်သာရပြည့်ဝသည့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့် မြန်မာ့တိုင်းရင်းနိုင်ငံသား အမွန်အမြတ်များ" ဖြစ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည့်တာဝန်က မိဘများနှင့် နိုင်ငံသားအားလုံးမှာ တာဝန်ရှိ

**"နိုင်ငံတိုင်း၏ ဖွံ့ဖြိုးမှုအခြေခံအုတ်မြစ်သည် ယနေ့ လူငယ်များ၏ ပညာရေး မြင့်မားမှုပင် ဖြစ်သည်"**

**ဒိုင်အိုဂျင်းနစ်(Diogenes)**
**ဂရိတွေးခေါ်ရှင်**

**ဘာကြောင့် ကျောင်းတွေရှိနေရတာလဲ**

မြန်မာတို့၏ "ကျောင်း" ဆိုသည့် အဓိပ္ပာယ်က ထိန်းကျောင်းက လာသည်ဟု ဆိုပါ သည်။ ကလေးများကို ယနေ့မှစ၍ ဘဝအဆုံးသတ်သည့်အချိန်ထိ ကိုယ့်ကိုယ်ကိုယ် ကောင်းမွန်စွာ ထိန်းကျောင်းတတ်အောင် လေ့ကျင့်ပေးသည့်နေရာပါ၊ အများမြင်သလို "စာချည်း သက်သက်သင်" ပေးသည့်နေရာမဟုတ်ပါ။ စာကိုအခြေပြု၍ လူ့စွမ်းရည် အစွမ်းကုန် ဖွံ့ဖြိုးအောင် လေ့ကျင့်သည့်နေရာပါ။

လူသားတိုင်း မွေးကတည်းက ထက်မြက်ပြီး တန်ဖိုးမဖြတ်နိုင်သည့် စွမ်းရည်ပါလာပါသည်။ အဆိုပါတန်ဖိုးမြင့် စွမ်းရည်ကို ကလေး၏ အသက်အရွယ်နှင့်အညီ ထက်လာ၊ မြက်လာ၊ တန်ဖိုးတက်လာအောင် လေ့ကျင့်ပေးရပါသည်။ ထိုကဲ့သို့ လူသား၏ မွေးရာပါ ဗီဇကို ထက်သည်ထက် ထက်လာ၊ မြက်သည်ထက် ပိုမြက်လာအောင် စနစ်ကျနစွာ ဆောင်ရွက်သည့်လုပ်ငန်းကို ကမ္ဘာတစ်လွှားမှာ ပညာရေးဟု သုံးနှုန်းကြပါသည်။

ပညာရေးကို ရှေ့တန်းမှ အကောင်အထည်ဖော်သည့် နေရာသည် "ကျောင်း"များပင် ဖြစ်ပါသည်။ ကျောင်းဖြင့်ပညာရေးကိုအကောင်အထည်ဖော်ခြင်း ဖြစ်၍ "ကျောင်းသင်ပညာရေး" ဟုလည်း သုံးနှုန်းကြသည်။ ကျောင်းသင်ပညာရေးက သင့်သားသင့်သမီးကို လူကောင်း၊ လူတော်ဖြစ်အောင်၊ ထက်မြက်သူဖြစ်အောင်၊ အောင်မြင်သည့် ခေါင်းဆောင်ဖြစ်လာအောင် လေ့ကျင့်ပေးမှာ သေချာသည်။

ဤသည်ကို ကဗျာစာဆိုဆရာကြီးတင်မိုးက-

**လူဖြစ်ပါလျက်**
**စာမတတ်သူ၊ မောင်မင်းမူက**
**လူမပီသ၊ ဂုဏ်နိမ့်ကျ၏။**
**လူလိုသိ၍၊ လူ၏ဂုဏ်ရောင်**
**ထွန်းလင်းပြောင်ဖို့**
**အမှောင်ကိုခွာ၊**
**ကျောင်းတော်သာတွင်**
**ပညာသင်ကြ၊ စာဖတ်ကြ။ ။**

ဟူ၍ သူ၏ "တို့စာ" ကဗျာတွင် ထည့်သွင်းစပ်ဆိုခဲ့ပါသည်။ ဆရာကြီး၏ ကဗျာကို ထောက်ခံလျက် ဒဿနအမြင်ဖြင့် ဆွေးနွေးတင်ပြပါရစေ။ လူနှင့် တိရစ္ဆာန်တို့၏ အဓိကခြားနားချက်မှာ တိရစ္ဆာန်တွင်

(၁) သားသမီး(သို့) နောက်မျိုးဆက်ကို စုပေါင်းလေ့ကျင့်သင်ကြားပေးသည့် အလေ့အထမရှိပါ။ လူသားကဲ့သို့ ကျောင်းမရှိပါ။ မိဘက သူ့ဘဝတစ်သက်စာ အတွေ့အကြုံလောက်ကိုသာ သူ့သားသမီးကို သင်ပေးနိုင်သည်။ ဥပမာ - အစာရှာခြင်း၊ အန္တရာယ်ကို ရှောင်ကွင်းခြင်းနှင့် သားသမီးကို ပြုစုခြင်း၊ ကာကွယ်ခြင်းတို့ ဖြစ်ပါသည်။ ထိုထက် မပိုပေ။

(၂) စာပေမရှိ၍ စာမဖတ်တတ်သဖြင့် တိရစ္ဆာန်မျိုးဆက်တို့သည် ရှေးဘိုးဘေး ဘီဘင်တို့၏ နောက်မျိုးဆက်အတွက် ဆောင်ရန် ရှောင်ရန်၊ လုပ်သင့်၊ လုပ်ထိုက်တာတို့ကို မှတ်တမ်းထားနိုင်ခြင်းလည်းမရှိ၊ မှတ်တမ်းကို ဖတ်နိုင်သူ စာတတ်သူလည်း မရှိပေ၊ သို့အတွက် တိရစ္ဆာန်လောက မတိုးတက်ခဲ့ပေ။

သို့ဖြစ်၍ တိရစ္ဆာန်တွင် စာပေလည်း မရှိသလို စာဖတ်တတ်သူလည်းမရှိပါ။ ဆရာကြီး၏ "လူဖြစ်ပါလျက်၊ စာမတတ်သူ၊ မောင်မင်းမူက၊ လူမပီသ၊ ဂုဏ်နိမ့်ကျ၏" ဆိုခြင်းမှာ စာမဖတ်တတ်ပါက တိရစ္ဆာန်ဘဝနှင့် မခြားသည့် လူသားသာ ဖြစ်ပေလိမ့်မည်ဟု ဆိုဟန်တူပေ သည်။ ထို့အတူ လူဖြစ်ပြီး ကျောင်းမသွားခဲ့လျှင် မိဘ၏ အသိ၊ အပြုအမူ၊ အလေ့အကျင့်လောက်သာ သင်ယူနိုင်မှာပါ။ မိဘ၏ တစ်ဘဝစာ အတွေ့အကြုံလောက် သိတာ၊ တတ်တာ ကျွမ်းကျင်ရုံမျှဖြင့် လူသားဟု မခေါ်ဆိုနိုင်ပေ။ ဤသည်မှာ တိရစ္ဆာန်တို့၏ ဓလေ့စရိုက် အမူအကျင့်မျှလောက်သာ ဖြစ်ပေသည်။

ဆရာကြီးက "လူလိုသိ၍၊ လူ၏ ဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့၊ အမှောင်ကိုခွာ၊ ကျောင်းတော်သာတွင်၊ ပညာသင်ကြ၊ စာဖတ်ကြ" ဟု ရေးဖွဲ့ခဲ့ခြင်းသည် တိရစ္ဆာန်အဆင့်ထက် အဆင့်မြင့်သည့် လူသားအဆင့်၊ လူ့အသိရှိကြသော ဘဝရပ်တည်နိုင်စေရန်အတွက် တိရစ္ဆာန်လောကမှာမရှိဘဲ လူ့အဖွဲ့အစည်းမှာသာ ဘိုးဘွားဘီဘင်ရှေးမျိုးဆက်တို့၏ အတွေ့အကြုံကို လက်ဆင့်ကမ်း သင်ကြားပေးသော "ကျောင်း" ဆိုသည့် အရပ်ကို သွားကြပါဟု တိုက်တွန်းထား၏။ စာသင်ကြ၊ စာဖတ်နိုင်ကြမှသာ လူသည် လူသားပီသ၏။ တိရစ္ဆာန်ထက်သာ၏။ အဆင့်မြင့်၏။ ကျောင်းမတက်ရန် စံလွဲအမှောင့်ပေတံအမျိုးမျိုးကြောင့် ဖြစ်ပေါ်နေသော အမှောင်ကို ခွင်း၍ အလင်းသို့ ရောက်စေရန်၊ ကျောင်းသို့ သွားကြပါဟု တိုက်တွန်းထားသည့် ကဗျာဖြစ်ပါ၍ ကျောင်းသို့ သွားဖြစ်အောင် သွားကြနိုင်ရန် ရည်ရွယ်၍ အဆိုကဗျာလေးကို ညွှန်းလိုက်ရပါသည်။

**သင့်သားသမီးရဲ့ အနာဂတ်ကောင်းအတွက် အသင့်ပြင်ဆင်ပေးသည့် နေရာ**

အမှန်တကယ်တွင် ပညာရေးသည် လူပြင်သော အလုပ်ဖြစ်ပါသည်။ "လူပြင်"သည် ဆိုရာဝယ် ပျက်နေသည့်အရာကို ပြင်ဆင်ခြင်း မဟုတ်ပါ။ အသင့်အနေအထားဖြစ်စေရန် **"ကြိုတင်ပြင်ဆင်ထားခြင်း"**ပါ။ စွမ်းရည်ပြည့်ပြည့် ဖြင့် အသင့်အနေအထားဖြစ်အောင် ပြင်ဆင်ထားခြင်းကြောင့် "လူပြင်သည့်နေရာမှာ ကျောင်းပါ" တဲ့။ သင့်သားသမီး အနာဂတ်မှာ ကောင်းသလောက်တော်သည့် သားကောင်း သမီးမွန်အဖြစ် ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနိုင်သော ထူးချွန်လူသားဖြစ်အောင် လေ့ကျင့်ပေးတာပါ။ တစ်ယောက်တည်း မဟုတ်ပါ။ လေ့ကျင့်ပေးတာကလည်း စုဝေးအကောင်အထည်ဖော်တာမို့ သင့်သားသမီး လူတွေနှင့် ပေါင်းတတ်၊ သင်းတတ် နေထိုင်တတ်လာမည်။ လူဖြစ်လာလျှင် လူတို့ ပထမဆုံးတတ်ရမည့် အရည်အချင်းက "မိတ္တဗလ" ဖြစ်ပါသည်။

"လူများနှင့် ပေါင်းသင်းဆက်ဆံတတ်ခြင်း" ပါပဲ။ တစ်သက်လုံး သင့်သားသင့်သမီး လူများနှင့် မပေါင်းဘဲ တစ်ယောက်တည်း နေသွားနိုင်မည် မဟုတ်ပါ၊ မိသားစုနှင့် အိမ်နီးနားချင်းလောက်သာ ပေါင်းတတ်ရုံဖြင့်လည်း မလုံလောက်သေးပါ။ သူ့ဘဝမှာ လူပေါင်းသိန်းသန်းချီသည့် လူစိမ်းသူစိမ်းများနှင့် ကြုံရဆုံရပါလိမ့်မည်။ ထိုသူများနှင့် သဟဇာတ ဖြစ်အောင် နေထိုင်ဆက်ဆံ ပြောဆိုနိုင်ရပါမည်။ ထိုသို့ လူမှုဆက်ဆံရေးချောမွေ့ရန် ကျောင်းတွေက လေ့ကျင့်ပေးတာပါ။

ပြီးတော့ မိဘများ။ သင်သည် နောင်အနှစ် ၂၀ မှာ ဖြစ်ပေါ်လာမည့် လူ့အဖွဲ့ အစည်းက ဘယ်လိုပုံစံဆိုတာ မှန်းဆကြည့်ပါ။ ကျောင်းက သင့်သား သင့်သမီး အနည်းဆုံး နောင်လာမည့် နှစ် ၂၀ တွင် ကြုံရဆုံရမည့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များအတွက် အသင့်အနေအထားဖြစ်အောင် ကြိုတင်ပြင်ဆင်ပေးနေခြင်းပါ။ "ကျောင်း"နှင့် "စာသင်ခန်း" သည် နောင်အနာဂတ်မှာ ပေါ်ထွန်းလာမည့် "အစောဆုံး လူ့အဖွဲ့အစည်း" တစ်နည်းအားဖြင့် **"အနာဂတ် လူ့အဖွဲ့အစည်းရဲ့ အစပြုပျိုးခင်း"** ပင် ဖြစ်ပါသည်။ သင်သည် နောင်နှစ်ပေါင်း ၂၀ မှာ ဖြစ်လာမည့် လူ့အဖွဲ့အစည်း၏ အနေအထားကို သိချင်မြင်ချင်လျှင် ယနေ့ပညာရေးကို အကောင်အထည်ဖော်နေသည့် ကျောင်းနှင့် စာသင်ခန်းကို သွားကြည့်ပါ။

သင့်သား၊ သင့်သမီး နောင်နှစ် (၂၀) အကြာတွင် မည်သည့်လူမှုအဖွဲ့အစည်းမှာ နေမည်။ ဘယ်လောက်တော်၍ ကောင်းနေမည်ဆိုတာကို သိလာပါလိမ့် မည်။ အင်္ဂလန်ဝန်ကြီးချုပ် ဘင်ဂျမင်ဒစ္စရေးလီက လွန်ခဲ့သည့် နှစ် ၁၅၀ ကျော်ကပင် "ကလေးများ၏ ယနေ့ ပညာရေးအခြေအနေကို သိလျှင် ထိုနိုင်ငံ၏ အနာဂတ် ကောင်း မကောင်း ကျွန်တော်ဟောကိန်းထုတ်နိုင်ပါမည်"ဟု ရဲဝံ့စွာ ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ နောင်အနှစ် ၂၀ ကျော် အကြာတွင် ပေါ်ထွန်းလာမည့် လူ့အဖွဲ့အစည်းတွင် သင့်သား သင့်သမီး တော်သလောက် ကောင်းသူ ဖြစ်လာစေရန် ယနေ့ကျောင်းအပ်ရာသီတွင် စာသင်ကျောင်းသို့ပို့ပြီး လေ့ကျင့်ခံကြပါဟု တိုက်တွန်းပါရစေ။

ကျောင်းများ၏ အာမခံချက်ကတော့ သင့်အိမ်မှာထက် သင့်ကလေး၊ ပိုတော်၊ ပိုတတ်၊ ပိုလိမ္မာပြီး ကိုယ်ကျင့်တရား ပိုကောင်းစေရမည်၊ လူမှုဆက်ဆံရေး ပိုမိုချောမွေ့လာစေရမည်ဆိုတာပါပဲ။ နိုင်ငံသားကလေးတစ်ဦးချင်း၏ "ဖွံ့ဖြိုးရေး အနာဂတ်အစ ပညာသင်ကျောင်းတွေက" ဖြစ်ပါသည်။ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ ကလေးများ တော်သလောက် ကောင်းသည့်အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်း လူတော်ဖြစ်အောင် လေ့ကျင့်ပေးသည့် ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။

**လူ့တန်ဖိုးတွေ တက်အောင် လေ့ကျင့်ပေးတဲ့နေရာဟာ ကျောင်းပါ**

ပညာရေး အကောင်အထည်ဖော်မှုဆိုတာ နိုင်ငံတိုင်းမှာရှိပါသည်။ ပညာရေးမရှိသည့် လူ့အဖွဲ့အစည်း ယနေ့တိုင် မရှိသေးပါ။ ပညာရေးကောင်းမွန်အောင်သာ ကြိုးပမ်းနေကြသည်။ ဖျက်ဆီးမှုမရှိကြပါ။ ပညာရေးကိုရှေ့တန်းက အကောင်အထည်ဖော်နေသည့် နေရာများက ကျောင်းတွေပါဟု ထပ်ပြောပါရစေ။ ကျောင်းဟာ လူအစည်ကားဆုံးရှိနေရမည့် မင်္ဂလာရပ်ဝန်းပါ၊ မသွားအပ်သည့် အမင်္ဂလာနေရာ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

မဟုတ်ပါဆိုတာ အမြင်ရှင်းရှင်းဖြင့် ကြည့်တတ်ရန် လိုပါသည်။ ကျောင်းများက သင့်သား သင့်သမီးကို အရည်အသွေးမြင့်လာအောင် တန်ဖိုးမြင့် လူသား တစ်ယောက်အဖြစ် ပေါ်ထွန်းလာအောင် လေ့ကျင့်ပေးနေတာပါ။ လူ့တန်ဖိုး၊ ကောင်းမြတ်သည့် လူ့စွမ်းရည်ဆိုသည်မှာ

(က) ကိုယ်ခန္ဓာကျန်းမာဖွံ့ဖြိုးမှု၊
(ခ) အခြေခံကျန်းမာရေးအသိရှိမှု၊
(ဂ) လူမှုဆက်ဆံရေးကောင်းမွန်မှု၊ စိတ်ခံစားမှုကို ထိန်းသိမ်းစွမ်းရည်မြင့်မားမှု၊
(ဃ) ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် ယင်းကို လေးစားတန်ဖိုးထားမှု၊
(င) တစ်ဖက်သားကို စာနာတတ်မှု၊
(စ) လိမ္မာယဉ်ကျေးစွာ ပြုမူပြောဆိုမှုနှင့် စိတ်ထားနူးညံ့မှု၊
(ဆ) အနုပညာခံစားလိုစိတ်ဖွံ့ဖြိုးမှု ၊
(ဇ) ကျိုးကြောင်းညီညွတ်စွာ အခက်အခဲကို ချဉ်းကပ်ကျော်လွှားနိုင်မှု၊
(ဈ) လူ့အဖွဲ့အစည်းရဲ့စည်းကမ်းနှင့် ဥပဒေများကို တန်ဖိုးထားလေးစားလိုက်နာမှု၊
(ည) မတူကွဲပြားမှုများကို နားလည်လက်ခံပူးပေါင်းဆောင်ရွက်နိုင်ခြင်း . . . တို့ ဖြစ်ပါသည်။

အထက်ပါ အရည်အသွေးများသည် ကျောင်းသွားသည့် သင့်သား၊ သင့်သမီးတွင် မဖြစ်မနေ ပေါ်ထွန်းလာမည့် အရည်အသွေးများပါ။ ပန်းတနော်မြို့မှာ ဦးသန့် အမျိုးသားကျောင်းအုပ်ကြီး လုပ်ခဲ့စဉ်က **"ကျုပ်ကျောင်းက ထွက်သွားတဲ့သူ တစ်ယောက်မှ လူဆိုး၊ သူခိုး မဖြစ်စေရဘူး၊ ကျုပ်အာမခံတယ်"** တဲ့၊ ဦးသန့်၏ အာမခံချက်ကို ယနေ့ မြန်မာ့ပညာသင်ကျောင်းများကလည်း ဆက်လက်အာမခံဆဲပါ။ အဆိုပါအာမခံချက်နှင့်အတူ မြန်မာတို့၏ ဗလငါးတန်စုံလင်အောင် ဖော်ဆောင်ပေးသည့် နေရာသည် ကျောင်းပါပဲ။ ကျောင်း မရောက်လျှင် ဗလငါးတန်နှင့် အလှမ်းဝေးနေဦးမှာပါ။ ဗလငါးတန်ကင်းလျှင် လူဗာလတို့ရွာသို့ ရောက်သွားတတ်ကြသည်မို့ လူမွေးလူတောင်မပြောင်သည့် အရပ်သို့ မသွားဖြစ်အောင် ဟန့်တားသည့် နေရာဖြစ်သော ကျောင်းသို့ပို့ကြပါ။

**သင့်သား သင့်သမီး ပြည့်ဝဒီမိုကရေစီ စိတ်ထားပိုင်ရှင်ဖြစ်စေလိုရင် ကျောင်းကိုပို့ပါ**

ဒီမိုကရေစီသည် ကိုယ်တိုင်ကျင့်မှ သူများရောကိုယ်ပါရသည့် အလုပ်ဖြစ်ပါသည်၊ ကိုယ်မကျင့်ဘဲ မလိုချင်ပါနှင့်၊ ဤသည်ကို ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် (ငြိမ်း) ဦးသန့်က **"ဒီမိုကရေစီ အောင်မြင်ရန် ပြည်သူ ပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင်ရှိရမည်၊ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်"** ဟု ဆိုထားပါသည်။ ကျောင်းများတွင် "ကျောင်းကောင်စီ" ကို ဖွဲ့စည်းထားပါသည်။ အိမ်မှာမရှိပါ။ ကျောင်းကောင်စီ၏ ကတိဆောင်ပုဒ်မှာ

**"မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်"**
**"မိမိအတန်းကိုကောင်းအောင်ကြိုးစားမည်"**
**"မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်"**
**"မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"** ဟူ၍ ဖြစ်ပါသည်။

ကျောင်းကောင်စီ ဖွဲ့စည်းရခြင်းမှာ "ကျောင်းသားတစ်ဦးချင်း လူကောင်းလူတော်ဖြစ်အောင် လေ့ကျင့်ပေးခြင်းပါ၊ သူကိုယ်တိုင်ကလည်း မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်ဟု ခံယူချက်ရှိလာရမည်၊ မိမိတစ်ကိုယ်ရေ ကောင်းရုံတင် မဟုတ်သေးပါ။ မိမိ၏ ပတ်ဝန်းကျင်ဖြစ်သည့် အတန်းထဲမှ သူငယ်ချင်းများ၏ ကောင်းကျိုးသယ်ပိုးရန်လည်း တာဝန်ရှိပါသည်ဟူသည့် တာဝန်သိစိတ်ပါ ပိုင်ဆိုင်သွားစေပါသည်။ ထိုမှတစ်ဆင့် မိမိ၏ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နောက်ဆုံးတွင် မိမိ တိုင်းပြည်ကိုကောင်းအောင် ကြိုးစားမည်ဟူသည့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် တာဝန်ကျေလိုစိတ်ကိုပါ အထုံပါရမီအဖြစ် ခံယူသွားသည်အထိ လေ့ကျင့်ပေးနေပါသည်။

အတန်းကောင်းစားရေးအတွက် ရွယ်တူသူငယ်ချင်းများဖြင့်၊ ကျောင်းတိုးတက်ရေးအတွက် အတန်းခွဲများ မိမိအောက်ဆင့်အတန်းငယ်များမှ ညီငယ်ညီမငယ်များ၊ မိမိအထက်ဆင့်မှ အစ်မ၊ အစ်ကိုများနှင့် စုပေါင်းညီညွတ်စွာ ကျောင်းဖွံ့ဖြိုးဖို့ ကျောင်းကောင်းဖြစ်ဖို့ဟူသည့် ဘုံရည်မှန်းချက်ကို စုပေါင်းအကောင်အထည်ဖော်တတ်သည့် အရည်အသွေးများ ဖြစ်ထွန်းလာအောင် လေ့ကျင့်ပေးတာပါ၊ မိမိနှင့် မိမိပတ်ဝန်းကျင် ကောင်းကျိုးသယ်ပိုးလိုသည့် တာဝန်သိစိတ်နှင့် ဘုံရည်မှန်းချက်ကို ညီညွတ်စွာ အကောင်အထည်ဖော်တတ်ခြင်းသည် နိုင်ငံသားတစ်ဦးပိုင်ဆိုင်ရမည့် "ဒီမိုကရေစီ စိတ်ထား"ပင် ဖြစ်ပါသည်။ သင့်အိမ်မှာ မရနိုင်သည့် **"မိသားစုလွန်နိုင်ငံသား အရည်အသွေးများ"** ဖြစ်ပါသည်။

ထို့ပြင် အိမ်မှာက ဘဝနောက်ခံ၊ ကိုးကွယ်ရာ အတူတူဆိုတော့ မတူကွဲပြားမှု၏ တန်ဖိုးကို မသိနိုင်၊ နားမလည်နိုင်ပါ၊ ကျောင်းမှ အတန်းဖော်များတွင် ခနဥစ္စာ၊ ဆင်းရဲချမ်းသာကွာဟမှု၊ ရာထူးဂုဏ်သိမ်အနိမ့်အမြင့် မျိုးစုံ၏၊ ကွဲပြားခြားနားနိမ့်ကျသည့် ဘဝများကို စာနာတတ်လာမည်။ စာသင်ခန်းတွင် ဆူကြုံနိမ့်မြင့်မရှိ၊ အဆင့်အတန်း ခွဲခြားမှုကင်း၏။ တန်းတူကြိုးစားခွင့် အောင်မြင်ခွင့်ရှိ၏။ ကျောင်းသို့ ရောက်မလာသည့် ကလေးများအဖို့ အဆိုပါ ဒီမိုကရေစီအခွင့်အရေးရမှုနှင့် မတူကွဲပြားမှုကို နားလည်ရန် အခွင့်အလမ်း အလွန်နည်း၏။ အကယ်၍ ကျောင်းသို့ ကျွန်တော်တို့ သားသမီးကို မလွှတ်မိလျှင် ကျွန်တော်တို့မိဘများအနေဖြင့် မိမိတို့သားသမီးကို ဒီမိုကရေစီစိတ်ထားနှင့် အရသာခံစားခွင့်ကို ပိတ်ပင်သူ၊ ဆန့်ကျင်သူဘဝ ရောက်သွားပါလိမ်မည်။

တကယ်တော့ ယနေ့ ကလေးများကို ဘဝနောက်ခံ မတူညီသူအချင်းချင်း ပျော်ရွှင်ငြိမ်းချမ်းစွာ ပညာသင်တတ်ရန်၊ နားလည်စာနာမှုအပြည့်ဖြင့် နေထိုင်တတ်ရန်၊ အတန်းအကျိုး၊ ကျောင်းအကျိုး စုပေါင်းသယ်ပိုးတတ်ရန်နှင့် နောက်ဆုံးတွင် ဒီမိုကရေစီ အနှစ်သာရပြည့်ဝသည့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့် မြန်မာ့တိုင်းရင်း နိုင်ငံသား အမွန်အမြတ်များ" ဖြစ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည့်တာဝန်က မိဘများနှင့် နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါသည်။

ကမ္ဘာတစ်လွှားမှာကဲ့သို့ **"ဒီမိုကရေစီကျင့်စဉ် အစ၊ စာသင်ကျောင်းက"** ဟူသည့် အမြင်ဖြင့် ဒီမိုကရေစီမြတ်နိုးသူ မိဘများအနေဖြင့် ဒီမိုကရေစီ လေ့ကျင့်ရေးကွင်းဖြစ်သည့် ကျောင်းသို့ ပို့ဖြစ်အောင် ပို့ပေးကြပါ။ ကျောင်းက သင့်သား၊ သင့်သမီးကို ပြည့်ဝမှန်ကန်သည့် အဆိုပါ **"ပြည့်ဝဒီမိုကရေစီ စိတ်ထားပိုင်ရှင်"** ဖြစ်အောင် လေ့ကျင့်ပေးနေတာမို့ အနာဂတ်မှာ ဦးသန့် ရည်ညွှန်းသည့် "အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားလုံလောက်စွာရှိသည့် နိုင်ငံသားများ" ကြွယ်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာပါလိမ့်မည်။

ဤကဲ့သို့ ပြည့်ဝနိုင်ငံသား ကြွယ်ဝမှုကို မြင်စေလိုလျှင် "သင့်သား၊ သင့်သမီးကို ကျောင်းပို့ပါ" ဟု ဆိုပါရစေ။ ဤသို့တိုက်တွန်းရခြင်းမှာ ကျွန်တော်တို့သားသမီး ကျောင်းမရောက်ခဲ့လျှင် **"အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခသာ ဖြစ်စေလိမ့်မည်"** ဟူသည့် ဦးသန့်၏ ဟောကိန်းက အဖြစ်မျိုး မကြုံတွေ့စေရန်အတွက် ဖြစ်ပါသည်။

**ကျောင်းနေအရွယ်ကလေးတွေ ကျောင်းမရောက်ခဲ့ရင်**

(၂၁) ရာစုမှာ ပညာရှင်များက ကမ္ဘာတစ်လွှားမှာ ကျောင်းတွေဖွင့်ပြီး သင်ကြား၊ သင်ယူမှုကို ဆောင်ရွက်ရခြင်းရဲ့ ရည်မှန်းချက်များက -

(က) သိမြင်တတ်ဖို့ သင်ယူခြင်း ၊
(ခ) လုပ်တတ်၊ ကိုင်တတ်၊ ဖြေရှင်းတတ်ဖို့ သင်ယူခြင်း ၊
(ဂ) ဖွံ့ဖြိုးတိုးတက်ဖို့ သင်ယူခြင်း ၊
(ဃ) အများနှင့်အတူ ငြိမ်းချမ်းစွာ နေတတ်ဖို့ သင်ယူခြင်းတို့ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံဖွံ့ဖြိုးရေးကို ဖော်ဆောင်ကြမည့် နိုင်ငံသားတစ်ယောက်မှာ မဖြစ်မနေ ပိုင်ဆိုင်ရမည့် စွမ်းရည်များပါ။ နိုင်ငံတော်က နိုင်ငံသား တစ်ဦးချင်းစီအတွက် မျှော်မှန်းထားသည့် အရည်အသွေးများပါ။ ပြည့်ဝနိုင်ငံသား၏ အရည်သွေးများဟု ဆိုပါရစေ။ အိမ်မှာနေ၍ မရနိုင်ပါ။ ကျောင်းနေအရွယ်ကလေးများ စာသင်ခန်းသို့ မရောက်ခဲ့လျှင် သူတို့ကြီးပြင်းလာပါက ဉာဏ်ပညာဖြင့် မယှဉ်သည့် အသက်မွေးမှုအလုပ်ကိုသာ လုပ်ရမည်။ ဦးနှောက်မသုံးရဘဲ၊ တိရစ္ဆာန်ကဲ့သို့ ကြွက်သား၊ ကာယအားကိုသာ အသုံးချရပေမည်။ သူများထံ အခစားဖြစ်ဖို့ များပေလိမ့်မည်။ အသိဉာဏ်အားဖြင့်လည်း အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုး၊ အပြုနှင့် အဖျက်၊ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းမသိသူ စာရိတ္တ မဏ္ဍိုင် အားနည်းကြသူများ ဖြစ်လာကြပါလိမ့်မည်။ နောက်ဆက်တွဲအနေဖြင့် ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းကာ ပြောသမျှယုံကာ အဖျက်အလုပ်ကို အဟုတ်ထင်ပြီး အရွယ်မတိုင်မီ ပြစ်မှုပြစ်ဒဏ်ခံရသူများဘဝ ရောက်သွားနိုင်သည်။

ထို့အပြင် မူးယစ်ဆေးဝါး သားကောင်ဘဝ၊ လူကုန်ကူးခံရသူအဖြစ်နှင့် လိင်မှုဆိုင်ရာ အသုံးချခံရသူများ၊ လမ်းပျော်၊ လေလွင့်သူများ ဘဝဆီကိုလည်း ရောက်ရှိသွားပေမည်။ ဤသည်မှာ ကမ္ဘာတစ်လွှား ကျောင်းသို့မရောက်သူများ၏ အနာဂတ်ဘဝအခြေအနေဆိုးများပင် ဖြစ်ပါသည်။ လမ်းပျော်၊ လေလွင့်၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသည့် ကလေးသူငယ်ပေါ်များသော နိုင်ငံသည်လည်း နိမ့်ကျသောဘဝမှာသာ ရှိနေပေလိမ့်မည်။ ကျွန်တော်တို့နိုင်ငံကို အဆိုပါအခြေအနေမျိုး မရှိစေရန် နိုင်ငံအနှံ့ ကျောင်းတွေဖွင့်ထားပေးကာ အရည်အသွေးပြည့် နိုင်ငံသားဖြစ်အောင် လေ့ကျင့်ပေးနေပါသည်။

ဆောင်းပါးအစတွင် "ကလေးများ၏ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးမှု၏ အုတ်မြစ်ဖြစ်ကြောင်း" ဂရိတွေးခေါ်ရှင် ဒိုင်အိုဂျင်းနစ် မီးမောင်းထိုးပြဆိုခဲ့သကဲ့သို့ မြန်မာ့ကလေးများ၏ ပညာရေး အခြေတင့်မှ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးလည်း မြင့်မားပြီး သင့်သားသင့်သမီး တစ်ဦးချင်း၏ ဘဝလှကြ၊ ပကြ၊ တင့်တယ်ကြမှာမို့ ကျောင်းနေအရွယ်ကလေးများကို အဖိုးတန် မြန်မာ့နိုင်ငံသားများအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ကြစေရန် မဖြစ်မနေ ကျောင်းသို့ပို့ကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

# မြန်မာစာ မြန်မာစကား

## သဒ္ဒါအသုံးအနှုန်း



**"မှ၊ က၊ ကို၊ အား၊ များ၊ တို့၊ တွေ"** စသည်တို့သည် သဒ္ဒါစကားလုံးများ ဖြစ်သည်။

"သူ **က** ပြောတယ်" နှင့် "သူ့ **ကို** ပြောတယ်" ဟူသော ဝါကျ(၂)ခုသည် အဓိပ္ပာယ် ကွာခြားသည်။ ယင်းသို့ အဓိပ္ပာယ် ကွာခြားခြင်းမှာ **က** နှင့် **ကို** သဒ္ဒါအသုံးကွဲပြားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုသဒ္ဒါစကားလုံးများကို သူ့နေရာနှင့်သူ နေရာတကျသုံးရသည်။ နေရာတကျသုံးမှ အနက်အဓိပ္ပာယ် တိကျသည်။ ရှင်းလင်းသည်။ လိုရင်းရောက်သည်။

ထိုသဒ္ဒါစကားလုံး အသုံးလွဲမှားနေလျှင် အနက်အဓိပ္ပာယ် ထွေပြားတတ်သည်။ ရှုပ်ထွေးတတ်သည်။ လိုရင်းမရောက်ဖြစ်တတ်သည်။ ထို့ကြောင့် သဒ္ဒါအသုံးအနှုန်းကို ဂရုစိုက်ရသည်။

## ရောထွေးတတ်သော မှ နှင့် က

**ထွက်ခွာရာ** ကိုရည်ညွှန်းလိုသော် **က** ကို **နှုတ်ပြောတွင်ရော အရေးတွင်ပါ** သုံးသည်။

ဘယ် **က** လာသလဲ။ ဈေး **က** လာတယ်။
အရပ်လေးမျက်နှာ **က** လာသောသူ
မြို့ **က** လာသည်။ တော **က** လာသည် ။
ဗွေသဟံ ၊ ဝေယန်အုံ့ဆီ **က**၊ လေပြန်လှုံ့ဆော်ခဲ့ပြီ။
ထွက်တော်မူ နန်း **က** ခွာတယ်။




**မှ** ကို **အရေးတွင်သာ** သုံးသည်။

ကျွန်တော် မန္တလေး **မှ** ရန်ကုန်သို့ ချောမောစွာ ရောက်ရှိပါသည်။

ခြောက်ဘုံရပ် **မှ**၊ သက်လှာကျသို့ . . .




မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

# စိုက်ပျိုးရေးအတတ်ပညာများလေ့လာသင်ယူဖို့ အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ကြစို့

မြတ်လေးငုံ(စိုက်ပျိုးရေး)

**မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ရာ နိုင်ငံ၏ စီးပွားရေးထုတ်ကုန်အများစုသည် စိုက်ပျိုးရေးကဏ္ဍမှ ထွက်ပေါ်လာကြသည်။ တိုးပွားလာသော လူဦးရေနှင့်အညီ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရန်အတွက် လယ်ယာကဏ္ဍကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာစေရန်နှင့် ထုတ်လုပ်မှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်လာသည်။**



တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(MRTV)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် သင်ကြားသင်ယူမှုဆိုင်ရာများကို ကျောင်းသား ကျောင်းသူများနှင့် မိဘများအား မေလအတွင်းက တွေ့ဆုံရှင်းလင်းဆွေးနွေးစဉ်။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး-မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ တွန်းအားပေး ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပေသည်။ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် ကုန်ထုတ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးကာ လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည်။

စိုက်ပျိုး-မွေးမြူရေးကဏ္ဍတွင် လိုအပ်လျက်ရှိသည့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ သင်တန်းကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုး-မွေးမြူရေး ပညာရပ်များ တစ်နိုင်ငံလုံးသို့ ပြန့်ပွားစေပြီး နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုနိုင်စေရန်အတွက်လည်းကောင်း၊ အဆင့်မြင့်ပညာဆက်လက် မသင်ကြားနိုင်သော ကျောင်းသားကျောင်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာအဖြစ် လမ်းသွယ်များ ဖွင့်လှစ်သင်ကြားပေးရန်အတွက်လည်းကောင်း၊ အစိုးရနှင့် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စိုက်ပျိုး-မွေးမြူရေး ကျွမ်းကျင်လုပ်သားများ(Skilled Worker) ပြုစုပျိုးထောင်ပေးရန်အတွက်လည်းကောင်း ရည်ရွယ်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရပ်များကို အခြေခံပညာ အထက်တန်းကျောင်းများတွင် ၂၀၂၃-၂၀၂၄ ခုနှစ်မှ စတင်ကာ စာတွေ့လက်တွေ့များဖြင့် သင်ကြား ပို့ချပေးလျက်ရှိသည်။

### ဝန်ကြီးဌာနများ ပေါင်းစပ်ဆောင်ရွက်

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ပညာရပ်များကို သင်ယူနိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် ၅၀ ၌ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် ၃၄ ခု၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၃၄ ကျောင်းကို ထပ်မံတိုးချဲ့ ဖွင့်လှစ်မည်ဖြစ်ရာ တစ်နိုင်ငံလုံးအနေဖြင့် စုစုပေါင်း ၈၅ ကျောင်းအထိ ဖွင့်လှစ်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အခြေခံပညာ အထက်တန်းကျောင်း ၅၁ ကျောင်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် စိုက်ပျိုးရေးနည်းပြရာထူး ၁၀၂ ဦးနှင့် မွေးမြူရေးနည်းပြရာထူး ၁၀၂ ဦးတို့အားလည်းကောင်း၊ စိုက်ပျိုးရေး ဒုတိယနည်းပြရာထူး ၁၀၂ ဦးနှင့် မွေးမြူရေး ဒုတိယနည်းပြရာထူး ၁၀၂ ဦးတို့အားလည်းကောင်း၊ ဒုတိယ လက်ထောက်ဦးစီးမှူးရာထူး ၁၀၂ ဦးတို့အားလည်းကောင်း (စုစုပေါင်း ၅၁၀ အား) သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နိုင်ရန် နိုင်ငံပိုင်သတင်းစာများမှ ကြေညာခေါ်ယူခဲ့သည်။

အဆိုပါရာထူးများ၌ အရည်အချင်းပြည့်မီအောင်မြင်သူ ဆရာ ဆရာမများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဧပြီ ၂၉ ရက်မှ စတင်ကာ မေ ၂၁ ရက်အထိ သင်တန်းပို့ချလျက်ရှိပြီး အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၂၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ပညာရပ်များကို သင်ယူနိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် ၅၀ ၌ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် ၃၄ ခု၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၃၄ ကျောင်းကို ထပ်မံတိုးချဲ့ ဖွင့်လှစ်မည်ဖြစ်ရာ တစ်နိုင်ငံလုံးအနေဖြင့် စုစုပေါင်း ၈၅ ကျောင်းအထိ ဖွင့်လှစ်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိ . . .**

### ကျောင်းသားလက်ခံမည့်အစီအစဉ်

အခြေခံပညာ အထက်တန်းကျောင်းများတွင် တွဲဖက်ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းပညာအတွက် စာသင်နှစ်တစ်နှစ်လျှင် ကျောင်းတစ်ကျောင်း၌ စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူ ၃၀ နှင့် မွေးမြူရေး ကျောင်းသား ကျောင်းသူ ၃၀ စုစုပေါင်း ၆၀ အား သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူသင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် မေ ၁၀ ရက်မှ စတင်ထုတ်ယူနိုင်ပြီး မေ ၁၉ ရက် နောက်ဆုံးထား၍ တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရကာ ကျောင်းများကို ဇွန် ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရပ်များကို စိတ်ပါဝင်စားသည့် ကျောင်းသား ကျောင်းသူများသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရန် လိုအပ်ပေမည်။ ယခင်နှစ်က ကျောင်းသားလက်ခံသည့် အစီအစဉ်တွင် အခြေခံပညာအထက်တန်း KG+9 အောင်မြင်သူ ဖြစ်ရမည်ဟု သတ်မှတ်ခေါ်ယူခဲ့သော်လည်း ယခုနှစ် အစီအစဉ်တွင် ထူးခြားချက်အနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တို့တွင် KG+9 အခြေခံပညာ အလယ်တန်းအဆင့်(Grade 9) အောင်မြင်သူများသာမက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် (Grade 10) အောင်မြင်သူများ (သို့မဟုတ်) ကျရှုံးသူများ (သို့မဟုတ်) ရပ်နားထားသူများပါ ခေါ်ယူသွားမည်ဟု သိရှိရသည်။

သင်တန်းသားရွေးချယ်ရာတွင် အဆိုပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေအပေါ်မူတည်၍ ဦးစားပေး ရွေးချယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ကျောင်းသင်ရိုးများတွင် စိုက်ပျိုးရေး အထူးပြုဘာသာရပ်များအဖြစ် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၁)တွင် လယ်ယာသီးနှံဘာသာနှင့် မွေးမြူရေးဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၂)တွင် ဥယျာဉ်ခြံသီးနှံဘာသာနှင့် မြေဆီလွှာသိပ္ပံဘာသာရပ်၊ သီးနှံကာကွယ်ရေး ဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် ကိမိလဗေဒ ဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၃)တွင် စိုက်ပျိုးရေးရုက္ခဗေဒဘာသာနှင့် လယ်ယာသုံးစက်ကိရိယာဘာသာရပ်၊ လူမှုရေးသိပ္ပံဘာသာရပ်တွင် စိုက်ပျိုးစီးပွားဘာသာရပ်နှင့် စိုက်ပျိုးရေးပညာပေး ဘာသာရပ်၊ အခြေခံကွန်ပျူတာသိပ္ပံ ဘာသာရပ်၊ ကွင်းလက်တွေ့လေ့ကျင့်ခြင်း ဘာသာရပ်တို့ကို စာတွေ့ ၅၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၅၀ ရာခိုင်နှုန်းဖြင့် ပေါင်းစပ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

### စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်

ပညာသင်ကာလ (၃ နှစ်)တွင် အခြေခံပညာ အထက်တန်းအဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ ပညာသင်ကာလပြီးဆုံးချိန်တွင် အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(နေပြည်တော်)မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅ နှစ်)သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်သည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်(Diploma in Agriculture)(၃ နှစ်)သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ ကျောင်းများရှိ စက်မှုလယ်ယာနည်းပညာ ဒီပလိုမာ (AGTI Diploma-Farm Machinery) (၃ နှစ်) သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်သည်။

စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့(၅ နှစ်) သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်သည်။ စက်မှုလယ်ယာနည်းပညာဒီပလိုမာ သင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့ လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများစွာ ရရှိမည်ဖြစ်ပေသည်။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များ ပေးအပ်မည့် *စာမျက်နှာ ၁၁ သို့*

# လှိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ကုသရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး

**လှိုင်ကော် ဇွန် ၂**

ကယားပြည်နယ် လှိုင်ကော်မြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀၀)၌ ကုသရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မေ ၃၁ ရက်က လှိုင်ကော် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို ယာယီပိတ်ထားခဲ့ရသော်လည်း ပြည်နယ်အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးက အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ယခုလို ပြည်သူ့ဆေးရုံကြီး ကုသရေးလုပ်ငန်းများ ပြန်လည် ဆောင်ရွက်နိုင်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ပြည်နယ် ပြည်သူ့ဆေးရုံကြီးကို ယခင်ကာလ အခြေအနေအတိုင်း ပြည်သူလူထုက အားကိုးယုံကြည်ရသော ဆေးရုံကြီးအဖြစ် လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့က ပြည်သူ့ဆေးရုံကြီး၏ လိုအပ်ချက်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်အပြင် စေတနာအရင်းခံ၍ ကုသရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီးက ဆေးရုံကြီး လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူလျက်ရှိသော ပြည်သူများအား လိုက်လံကြည့်ရှုအားပေး၍ အာဟာရ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။ (ယာပုံ)



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် သာသနာ့ဗိမာန်၌ ဖွင့်လှစ်ထားသော ယာယီတိုက်ပွဲရှောင်သူများအား ကြိုဆိုလက်ခံရေးနေရာသို့ သွားရောက်ခဲ့ပြီး တာဝန်ထမ်းဆောင်ရန် ပြန်လည်ရောက်ရှိလာသော ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံ၍ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုပြီး ရုံးများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဌာန တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ပြည်သူများအတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးအေးကျော် ဦးဆောင်သော ဝန်ထမ်းများက မေ ၃၁ ရက်တွင် အမှတ်(၆၇)ရပ်ကွက်ရှိ နေလဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

ကျင်မောင်(ဒဂုံဆိပ်ကမ်း)

## နွေရာသီ ထိုင်းဘာသာ အရေး၊ အဖတ် သင်တန်းဆင်းပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ မြဝတီမြို့၌ ကျင်းပ

**မြဝတီ ဇွန် ၂**

ကရင်ပြည်နယ် မြဝတီမြို့ ပညာရွှေဖူး ကိုယ်ပိုင်အလယ်တန်းကျောင်း၏ နွေရာသီ ထိုင်းဘာသာစကား အရေး၊ အဖတ် သင်တန်းဆင်းပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို အဆိုပါကျောင်း၌ ဇွန် ၁ ရက်က ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က ကျောင်းသား ကျောင်းသူများသည်ကျောင်းစာအပြင် နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ထိုင်းဘာသာစကား အရေး၊ အဖတ် သင်တန်းကို တက်ရောက်ခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မြဝတီမြို့သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် ဘာသာစကား ကျွမ်းကျင်မှုကြောင့် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ထူးချွန်ဆုချီးမြှင့်ပွဲကို ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ ပညာရွှေဖူးကိုယ်ပိုင်ကျောင်းတည်ထောင်သူ ဦးသန်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများက KG တန်းမှ Grade-6 အထိ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ ကိုးဦးနှင့် အမှတ်ပြည့်အထူးဆုရရှိသူတစ်ဦးတို့အား ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို ပညာရွှေဖူး ကိုယ်ပိုင်အလယ်တန်းကျောင်း၌ မေ ၁ ရက်မှ ၃၀ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(မြဝတီ)**




*စာမျက်နှာ ၁၀ မှ*

အစီအစဉ်ရှိကြောင်း သိရှိရသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-10 သင်ရိုး စိုက်ပျိုးရေးအထူးပြုဘာသာရပ်ဖြင့် ၁၀၂၂ ဦးနှင့် မွေးမြူရေးအထူးပြုဘာသာရပ်ဖြင့် ၆၉၁ ဦး ဖြေဆိုအောင်မြင်ခဲ့သည်။

**ကျောင်းသားများရရှိမည့် အကျိုးကျေးဇူးများ**

ယခုကဲ့သို့ အခြေခံပညာအထက်တန်းအဆင့်တွင် မိမိဝါသနာပါသည့်ပညာရပ်ကို အလွယ်တကူ သင်ကြားခွင့်ရပြီး အသက်မွေးပညာရပ်တစ်ခုအနေဖြင့် လက်တွေ့အသုံးချခွင့်ရသည့်အပြင် မိမိဝါသနာမှတစ်ဆင့် အိပ်မက်များကို အကောင်အထည်ဖော်ခွင့်ရသည့်အတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ်သတ်မှတ်ကာ ကြိုးစားလေ့လာစေလိုသည်။ လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားခြင်းဖြစ်သဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာ အထောက်အကူရရှိစေမည်ဖြစ်သည်။ ထို့အပြင် ဌာနဆိုင်ရာများတွင်လည်း တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ထူးချွန်သည့်အပေါ်မူတည်၍ အဆင့်မြင့်ပညာရပ်များကို ဆက်လက်လေ့လာနိုင်မည်ဖြစ်ပေသည်။

**နိုင်ငံတော်အတွက်ရရှိမည့် အကျိုးကျေးဇူးများ**

နိုင်ငံ၏ အခြေခံစီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုး-မွေးမြူထုတ်လုပ်ရေးအတွက် လိုအပ်လျက်ရှိသည့် စိုက်ပျိုး-မွေးမြူရေး အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူ လူသားအရင်းအမြစ်များ လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက်လည်း လူ့စွမ်းအားအရင်းအမြစ်များစွာ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ ကျေးလက်ဒေသရှိ လူဦးရေ ၇၂ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည့်အတွက် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးခြင်းအားဖြင့် ၎င်းဒေသတွင်ရှိသော စိုက်ပျိုး-မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကိုလည်း အထောက်အကူပြုနိုင်လာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်မှ လူမှုရေးဦးတည်ချက် ပထမအချက်တွင် **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”**ဟူသည့် မူဝါဒနှင့်အညီ ကုန်ထုတ်လုပ်မှုကို အထောက်ကူပြုသည့် ပညာရှင်များ ပေါ်ထွန်းလာစေရေး၊ မူလတန်းပညာ၊ အလယ်တန်းပညာများ ပြီးမြောက်ပြီးသူများအား အထက်တန်းပညာ တက်ရောက်ချိန်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်သူများဖြစ်စေရေးတို့ကို ရေးရှုပြီး အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ကြားပေးလျက်ရှိသည်။

လူငယ်များ၏အနာဂတ်ကို မျှော်မှန်းပြီး ၎င်းတို့သင်ကြားလိုသော ပညာရပ်များကို အထက်တန်းအဆင့်တွင် သင်ကြားခွင့်ရရှိ၍ ယင်းတို့၏ အနာဂတ်အိပ်မက်များကို အကောင်အထည်ဖော်ခွင့် ရရှိသည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ်အား အထူးပင်ကျေးဇူးတင်မိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်သည် အဓိကကျသကဲ့သို့ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးပေသည်။

ပညာတတ်များဖြင့်သာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိဝါသနာပါသည့် ပညာရပ်ကို အလွယ်တကူ လေ့လာသင်ယူနိုင်ရန် နိုင်ငံတော်က ပံ့ပိုးပေးနေသည့်အချိန်တွင် စွမ်းစွမ်းတမံ ကြိုးစားသင်ယူကြပါဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ကိုးကား**

(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးမှတ်တမ်း(၃/၂၀၂၃)
(၂) ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
(၃) https://www.myawady.net.mm/node/52052
(၄) https://www.moali.gov.mm/my/news/2023-12-26t0957300630
(၅) https://www.moali.gov.mm/my/news/2024-05-02t0941580630
(၆) https://news-eleven.com/article/245362

အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ၊ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရက်ကန်းလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် သမဝါယမအသင်းမှ ကျောင်းသုံးဗလာစာအုပ် ထုတ်လုပ်ဖြန့်ဝေလျက်ရှိသည့် အခြေအနေအား ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇွန် ၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ရှိ ဂျိန်းဖောသူ ရက်ကန်းလုပ်ငန်းနှင့် ပြည်နယ်တစ်ဝန်းလုံး ကျောင်းသုံးဗလာစာအုပ် ၁၅၀၀၀၀ ထုတ်လုပ်ဖြန့်ဝေလျက်ရှိသည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်၊ နယ်မြေ(၄)အတွင်းရှိ ဂျိန်းဖောသူ ရိုးရာအဝတ်အထည်ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ သွားရောက်ပြီး ချည်ထည်ကုန်ကြမ်းများ စုဆောင်းထားရှိမှု အခြေအနေများ၊ ရက်ကန်းရုံအတွင်း ကချင်ရိုးရာလုံချည်နှင့် ပုဆိုးများအား ရက်ကန်းစက်များဖြင့် ရက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စက်မှုဇုံရပ်ကွက်အတွင်း ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်၏ ပထမဆုံး နှစ်ဖက်ချော စက္ကူစက် တပ်ဆင်လည်ပတ်နိုင်ရေးနှင့် ကျောင်းသုံးဗလာစာအုပ် ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ပထမစက်ဝန်း ရန်ပုံငွေကျပ် ၁၃၅၀ သိန်း၊ ဒုတိယနှစ်စက်ဝန်း ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မတည်ပံ့ပိုးမှုဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ အားလုံးအတွက် နှစ်ဖက်ချော ကျောင်းသုံးဗလာစာအုပ် ၁၅၀၀၀၀ ဖြန့်ဝေဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကာ (ဓာတ်ပုံ) လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

**နေပြည်တော် ဇွန် ၂**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ **(အောက်ဓာတ်ပုံ)**

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတပ်နယ်အသီးသီးရှိ တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဘားအံမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

**ဘားအံ ဇွန် ၂**

၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ယမန်နေ့က ဘားအံခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက သဲကန္တာရဖြစ်ထွန်းလာမှုဝိသေသလက္ခဏာများအကြောင်းတို့ကို အသိပညာပေးဟောပြောကာ ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းအဖွဲ့ဝင် ဆရာကြီး ဦးစောအောင်ဘက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၅ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၀ တို့က ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဇွန် ၅ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မောက်မယ်မြို့နယ် ပန်တောင်ရေထွက်(ရေပြာအိုင်) တွင် ရိုးရာခလေ့ ရေတောင်းပွဲကျင်းပ

**မောက်မယ် ဇွန် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ပန်တောင်ရွာအနီးရှိ ပန်တောင်ရေထွက် (ရေပြာအိုင်) တွင် ရှမ်းရိုးရာခလေ့ထုံးတမ်းစဉ်လာ ရေတောင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။ မောက်မယ်မြို့နယ်၌ ရေထွက်များပေါများသဖြင့် နှစ်စဉ်ကဆုန်လအတွင်း ကျေးရွာများအလိုက် ရိုးရာခလေ့ ရေတောင်းပွဲကို ကျင်းပလေ့ရှိသည်။

ထိုသို့ရေတောင်းပွဲကို နှစ်စဉ်ကျင်းပရခြင်းမှာ ပန်တောင်ရေထွက်(ရေပြာအိုင်) မှ ထွက်ရှိလာသော ရေသည် လယ်ယာမြေအတွက် လုံလောက်စွာ ပေးဝေနိုင်ခြင်း၊ မိုးလေဝသမှန်ခြင်း၊ ဆန်ရေစပါးနှင့် ကောက်ပဲသီးနှံပေါများ ကြွယ်ဝခြင်း၊ သီးနှံများတွင် ပိုးမွှားများဖျက်ဆီးသည့် ဘေးဒဏ်ကင်းရှင်းခြင်းတို့ ရိုးရာအစဉ်အလာရှိကြပြီး မြို့နယ်အတွင်းရှိရပ်ကွက်နှင့် ကျေးရွာအုပ်စုရှိကျေးရွာများမှ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကာ ယမန်နေ့နံနက် ၁၁ နာရီတွင် ပင့်ဖိတ်ထားသည့် သံဃာတော်များအား နေ့ဆွမ်းနှင့် ဘောဇဉ်၊ ခဲဖွယ်၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ငါးပါးသီလခံယူ ပူဇော်ကန်တော့ကြပြီး ရေစက်သွန်းချအမျှပေးဝေသည်။

ထို့ပြင် ရပ်ဝေးရပ်နီးမှ ကြွရောက်လာကြသောဓမ္မမိတ်ဆွေများကို ထမင်းထုပ်များ မျှဝေခဲ့ကြပြီး နေ့လယ်ပိုင်းတွင် ရှမ်းအိုးစည်ဗုံမောင်းများတီးခတ်၍ လူဖိုင်း (ခေါ်) မီးရှူးလွှတ်တင်ကြသည့် ဒေသခံရှမ်းတိုင်းရင်းသားတို့၏ ဘိုးဘွားစဉ်ဆက်မိရိုးဖလာအစဉ်အလာတစ်ခုကိုလက်ဆင့်ကမ်း ဆောင်ရွက်ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

❑ *ကျောဖုံးမှ*

နီးစပ်သည့် အပိုင်အခွင့်အရေး နှစ်ကြိမ် အံအားသင့်ဖွယ် လွဲချော်ခဲ့သလို တိုက်စစ်ကစားသမား ဖူးလ်ခရက်ဂ်၏ အဆုံးသတ်သွင်းမှုကလည်း တိုင်ထိထွက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ရီးရဲမက် ဒရစ်အသင်းသည် ပထမပိုင်းပွဲချိန်တွင် ဒေါ့မွန်အသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက် ခြိမ်းခြောက်မှုများ ပြုလုပ်ထားနိုင်ခြင်း မရှိသော်လည်း ဒုတိယပိုင်းတွင် တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့ပြီး အရေးပါသည့် သွင်းဂိုးများကို ရယူနိုင်ခဲ့သည်။

ပွဲချိန် ၇၄ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး တိုနီခရူးစ်၏ ဖန်တီးမှုမှ ခံစစ်ကစားသမား ကာဗာဂျယ်က သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ဒေါ့မွန်အသင်း၏ ကြိုးပမ်းအားထုတ်မှုမှာ အသင်းကစားသမားများ အဆုံးသတ်အားနည်းမှုကြောင့် အချည်းနှီးဖြစ်ခဲ့ရသည်။

ရီးရဲမက်ဒရစ်အသင်း အတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ရရှိခဲ့ပြီး ဘဲလင်ဂမ်၏ ဖန်တီးမှုမှ တိုက်စစ်ကစားသမား ဗင်နီစီးယပ်စ်က သွင်းယူပေးနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်း သည် ယခုပွဲစဉ်တွင် အနိုင်ရဗိုလ်စွဲခဲ့သည့်အတွက် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ချန်ပီယံလိဂ်ဖလားကို ငါးကြိမ်မြောက် ဆွတ်ခူးရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဒေါ့မွန်အသင်းသည် ၂၀၁၃ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းနှင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲကိုလည်း ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ **အောင်ဇော်**

✳ *ကျောဖုံးမှ*

ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်လျက်ရှိပြီး ယခုနှစ်ဆန်းပိုင်းကတည်းက စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယှဉ်ပြိုင်ပွဲအတွက် အကြိုပြင်ဆင်မှုအဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး တရုတ် ယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲကစားရာ ပထမပွဲတွင် နှစ်ဂိုး - ဂိုးမရှိ၊ ဒုတိယပွဲတွင် သုံးဂိုး - တစ်ဂိုးတို့ဖြင့် အရေးနိမ့်ခဲ့သည်။ **ရဲရင့်လွင်**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေမကျေးရွာရှိ ရိုးမမြိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် ယာမြေများတွင် စိုက်ပျိုးသည့်သီးနှံများ အရည်အသွေး၊ အထွက်နှုန်းကောင်းမွန်ပြီး အသင်းမှ ကိုယ်တိုင်စုပေါင်းဆောင်ရွက်စေရန် ဇွန် ၁ ရက်က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ တိုင်းဒေသကြီးအသင်းစုချုပ် ဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့ မြေသြဇာများ ထောက်ပံ့ပေးပြီး ကွင်းဆင်းကြည့်ရှုစဉ်။

မြို့နယ် (ပြန်/ဆက်)

# ဂါဇာ၌ ငတ်မွတ်ခေါင်းပါးမှုမှ ရှောင်ရှားရန် လုံလောက်သည့် အစားအသောက်အကူအညီများလိုအပ်

**ကိုင်ရို ဇွန် ၂**

ဂါဇာဒေသရှိ ပြည်သူများ ငတ်မွတ်ခေါင်းပါးမှုဘေးမှ ရှောင်ရှားနိုင်ရန်လုံလောက်သည့် အစားအသောက် အကူညီများလိုအပ်သည်ဟု ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီ (UNRWA)မှ အရာရှိ တစ်ဦးက ပြောသည်။

ဂါဇာဒေသ၌ လုံခြုံစိတ်ချရသည့် နေရာမရှိသကဲ့သို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမှာလည်း ပို၍ဆိုးရွားလာသည်ဟု UNRWA မှ သတင်းအချက်အလက်ဆိုင်ရာ အရာရှိ တစ်ဦးဖြစ်သူ အီနက်စ်ဟမ်ဒမ်က ကိုင်ရိုမြို့တွင် ပြုလုပ်သည့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။ ဂါဇာတောင်ပိုင်းမြို့ဖြစ်သည့် ခန်ယူနစ်မြို့နှင့် ဂါဇာအလယ်ပိုင်းတို့ရှိ ဒုက္ခသည်များ ခိုလှုံရာနေရာများတွင် လူများပြည့်နှက်နေပြီဖြစ်ကြောင်း အစ္စရေးတို့၏ တိုက်ခိုက်မှုများကြားထဲမှပင် ဒုက္ခသည်စခန်းတစ်ခုစီတွင် လူပေါင်း ၁၆၀၀၀ နီးပါးရှိကြောင်း ၎င်းက ဆက်ပြောသည်။

UNRWA အဖွဲ့များသည် အစားအသောက်နှင့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ငတ်မွတ်ခေါင်းပါးမှုဘေးမှ ကျော်လွှားနိုင်ရေး လုံလောက်သည့် အစားအစာထောက်ပံ့မှုများ လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ၂၀၂၃ခုနှစ် အောက်တိုဘာ ၇ ရက်မှ စတင်ကာ အစ္စရေးတို့သည် ထိုးစစ်ဆင်မှုများ အကြီးအကျယ်ပြုလုပ်ခဲ့သည်။

ထိုအချိန်မှစ၍ ပါလက်စတိုင်း ၃၆၄၃၉ ဦးထက်မနည်းသေဆုံးကာ ဒဏ်ရာရရှိသူပေါင်း ၈၂၆၂၇ ဦးရှိသည်ဟု ဂါဇာဒေသ ကျန်းမာရေးအာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ



# ၂၄ နာရီအတွင်း အမေရိကန်လေယာဉ်တင်သင်္ဘောကို ဟူသီအဖွဲ့က နှစ်ကြိမ်တိုက်ခိုက်

**ဆာနား ဇွန် ၂**

ယီမင်နိုင်ငံမှ ဟူသီအဖွဲ့သည် အမေရိကန် လေယာဉ်တင်သင်္ဘော အိုင်စင်ဟောင်ဝါ၊ နောက်ထပ်အမေရိကန် စစ်ရေယာဉ်တစ်စင်းနှင့် ကုန်တင်သင်္ဘောလေးစင်းကို ပင်လယ်နီနှင့် အာရေဗျပင်လယ်တို့တွင် ဇွန် ၁ ရက်ညပိုင်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်းပြောသည်။



ထို့ပြင် လေယာဉ်တင်သင်္ဘော အိုင်စင်ဟောင်ဝါကို ၂၄ နာရီအတွင်း နှစ်ကြိမ်မြောက် တိုက်ခိုက်မှုဖြစ်ကြောင်း ဟူသီစစ်ဘက်ပြောရေး ဆိုခွင့်ရှိသူ ယာယာဆာရီယာက ပြောသည်။ ပထမအကြိမ် တိုက်ခိုက်မှုမှာ မေ ၃၁ ရက်တွင် ဖြစ်ကြောင်း၊ အမေရိကန်-ဗြိတိန်က မေ ၃၀ ရက်ညပိုင်းတွင် ဟူသီစစ်ဘက်ဆိုင်ရာနေရာများကို ပစ်မှတ်ထားကာ ပူးတွဲစစ်ဆင်ရေးဆောင်ရွက်ခဲ့မှုကြောင့် ၁၆ ဦး သေဆုံးပြီး အခြား ၄၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့မှုကို တုံ့ပြန်သည့် အနေဖြင့် အဆိုပါ ပစ်ခတ်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဆာရီယာက ပြောသည်။

လေယာဉ်တင် သင်္ဘောအပြင် ပင်လယ်နီတွင် မောင်းသူမဲ့ အမေရိကန်ဖျက်သင်္ဘော တစ်စင်းကိုလည်း ဒရုန်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း၊ အခြားသော စစ်ဆင်ရေး အများအပြားမှာ အစ္စရေးဆိပ်ကမ်းများသို့ဆိုက်ကပ်ခြင်းမပြုရန် ဟူသီ၏ တားမြစ်ချက်များကို ချိုးဖောက်သည်ဟု ဆိုကာ ကုန်တင်သင်္ဘောများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ပစ်မှတ်ထားတိုက်ခိုက်သည့် သင်္ဘောများတွင် MAINA၊ ALORAIQ နှင့် ABLIANI တို့ ပါဝင်ကြောင်း သိရသည်။ လွန်ခဲ့သည့် နိုဝင်ဘာလနောက်ပိုင်း ပင်လယ်နီကို ဖြတ်သန်းခုတ်မောင်းလာသော အစ္စရေးနှင့်ဆက်နွယ်သည့် သင်္ဘောများကို ပစ်မှတ်ထားကာ သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည်များ၊ ဒရုန်းများဖြင့် ဟူသီအဖွဲ့က ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အပျော့စားအပူလှိုင်း လွှမ်းခြုံ

**ဒါကာ ဇွန် ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာအပါအဝင် နိုင်ငံ၏နေရာ ဒေသအများအပြားတွင် အပျော့စားအပူလှိုင်း လွှမ်းခြုံလျက်ရှိပြီး အဆိုပါ အပူလှိုင်းမှာ ဆက်လက်တည်ရှိဖွယ်ရှိသည်ဟု မိုးလေဝသအေဂျင်စီက ဇွန်၂ ရက်တွင် ပြောသည်။ ဇွန် ၂ ရက်မှစတင်၍ လာမည့် ၂၄နာရီအတွင်း ဒါကာ၊ တန်ဂျေးလ်နှင့် ဖာရစ်ပေါခရိုင်များအပါအဝင် အချို့ဒေသများတွင် အပျော့စား အပူလှိုင်းလွှမ်းခြုံနေမည်ဖြစ်သည်ဟု မိုးလေဝသဌာနက ကြေညာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အမြင့်ဆုံးအပူချိန်မှာ ဇွန် ၁ ရက်တွင် ဂျာရှော၌ ၃၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်ရှိသည်။

ဒါကာတွင် ဇွန် ၂ ရက် အမြင့်ဆုံးအပူချိန်မှာ ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်ဖြစ်သည်။ စိုထိုင်းဆများ တိုးလာခြင်းကြောင့် ကြီးမားသောမြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အဆင်မပြေမှုများတိုးလာနိုင်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။ မကြာသေးမီနှစ်များအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောပြင်းထန်သည့် ရာသီဥတုကြောင့် ရေကြီးမှုနှင့် အပူလှိုင်းဖြတ်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှာ လူဦးရေ ၁၆၅ သန်းရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြာခဏဆိုသလိုဖြစ်ပေါ်ခဲ့သည်။ ပုံမှန်မဟုတ်သည့်မိုးရွာသွန်းမှုများနှင့် အပူချိန်မြင့်မားမှုတို့ကြောင့် လာမည့်နှစ်များအတွင်း အပူလှိုင်းဖြစ်ပွားမှု ပို၍အရှိန်ကောင်းလာနိုင်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုနှစ်ဧပြီလအတွင်း အပူလှိုင်းဒဏ်ကို ၂၃ ရက် တွေ့ကြုံခဲ့ရပြီး ၇၆ နှစ်အတွင်း အမြင့်ဆုံးဖြစ်သည်ဟုလည်း သိရသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးအန္တရာယ် မြင့်မားသော ဇုန် ၇၁ ခုကို ကြေညာ

**ကိုလံဘို ဇွန် ၂**

သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုအပါအဝင် ခရိုင် ၁၅ ခုရှိ နေရာ ၇၁ နေရာတို့တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားရန် အန္တရာယ်မြင့်မားသည့် ဇုန်များအဖြစ် အမျိုးသား သွေးလွန်တုပ်ကွေး ထိန်းချုပ်ရေးဌာနက ဇွန် ၂ ရက်တွင် ကြေညာခဲ့သည်။

**ရောဂါဖြစ်ပွားမှု မြင့်မားလာနိုင်**

မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်းနှင့်ခြင်ပေါက်ပွားသည့်နေရာများ များပြားလာသည်ကို တွေ့ရှိခဲ့ရကြောင်း အမျိုးသားသွေးလွန်တုပ်ကွေး ထိန်းချုပ်ရေးဌာနက ပြောသည်။ ဇန်နဝါရီလမှ ဧပြီလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ နည်းပါးပြီး ပြီးခဲ့သည့်နှစ်က အတွေ့အကြုံနှင့် နှိုင်းယှဉ်လျှင် မေလမှစတင်ကာ ရောဂါဖြစ်ပွားမှု တိုးမြင့်လာနိုင်သည်ဟု အေဂျင်စီက ပြောသည်။

**သေဆုံးသူ ကိုးဦးရှိ**

အမျိုးသား သွေးလွန်တုပ်ကွေး ထိန်းချုပ်ရေးဌာန၏ ပြောကြားချက်အရ ယခုနှစ်အတွင်းသွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၅၀၀၀ နီးပါးရှိပြီး သေဆုံးသူ ကိုးဦးရှိသည်ဟု သိရသည်။

ဆင်ဟွာ

# တူကီယဲနိုင်ငံ မြို့တော်အစ္စတန်ဘူလ်၌ သုံးထပ်တိုက်အဆောက်အအုံတစ်လုံးပြိုကျမှုဖြစ်ပွား

**အစ္စတန်ဘူလ် ဇွန် ၂**

တူကီယဲနိုင်ငံ မြို့တော်အစ္စတန်ဘူလ်၌ ဇွန် ၂ ရက်က လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားကြောင်း အစ္စတန်ဘူလ် အုပ်ချုပ်ရေးမှူး ဒါဗွတ်ဂူးလ်က ပြောသည်။ ထို့ပြင် အပျက်အစီးများအောက် ပိတ်မိနေသောလူ ကိုးဦးအနက် ခုနစ်ဦးကိုလည်း ကယ်ထုတ်ထားကြောင်း ပြောသည်။

ပြိုကျသည့် အဆောက်အအုံမှာ ကူကတ်ခက်မီစီခရိုင်ရှိ သုံးထပ်အဆောက်အအုံ တစ်လုံးဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ဂူးလ်က သတင်းထောက်များအား ပြောသည်။ အပျက်အစီးများအောက် ပိတ်မိနေသူ ခုနစ်ဦးကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့က ကယ်ထုတ်ထားပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိနေသူ နှစ်ဦးကို ကယ်ထုတ်ရန် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။



ကယ်ထုတ် ထားသူများကို နီးစပ်သည့် ဆေးရုံများသို့ ပို့ဆောင်ထားကာ နှစ်ဦးမှာ စိုးရိမ်ရ အခြေအနေတွင်ရှိကြောင်း ဂူးလ်က ပြောသည်။ လူနေအဆောက်အအုံ ပြိုကျရသည့် အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။

ဆင်ဟွာ

# ဂါဇာရဲ့ ရာဖာမှာ စစ်ဆင်ရေးတွေဆင်နွဲနေချိန် ကလေးငယ်တွေ အစာငတ်သေဆုံးတဲ့ဖြစ်ရပ်

**ထွန်းကျော်**



ဂါဇာဒေသ၌ အစ္စရေးတို့ ထိုးစစ်ကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

အစ္စရေးက ဂါဇာတောင်ပိုင်း ရာဖာမြို့မှာ စစ်ဆင်ရေးဆင်နွဲနေတဲ့အတွက် ဂါဇာတောင်ပိုင်းနဲ့အလယ်ပိုင်းမှာ ပဋိပက္ခအကျပ်အတည်းဟာ ပိုလို့ဆိုးလာခဲ့ပါတယ်။ ဒီကြားထဲ ကလေးငယ်တစ်ဦး အစာငတ်သေတဲ့သတင်းကလည်း ကမ္ဘာတစ်ဝန်းလုံးကို ရိုက်ခတ်လာခဲ့ပါတယ်။

### ငတ်မွတ်ခေါင်းပါးမှုဟာ ဂါဇာမှာအမြစ်တွယ်

ဂါဇာမှာ အစာငတ်နေတဲ့ ကလေးငယ်ပေါင်း မရှိဘူးဆိုရင် ၃၀ လောက်ရှိပါတယ်။ သို့သော်လည်း ဂါဇာမြောက်ပိုင်းမှာရှိတဲ့ အစာငတ်နေတဲ့ ကလေးအကုန်လုံးနီးပါး သေဆုံးကုန်ကြပါပြီ။ အဲဒီဒေသမှာ စားရေရိက္ခာဆိုးဆိုးရွားရွားပြတ်လပ်နေသလို ဆေးဝါးအစောင့်အရှောက်ကလည်း ရှိမနေပါဘူး။ အဆင့်မြင့် အမေရိကန်အကူအညီပေးရေးအရာရှိတစ်ဦးကတော့ ငတ်မွတ်ခေါင်းပါးမှုဟာ ဂါဇာရဲ့ဒေသအတော်များများမှာ အမြစ်တွယ်နေပြီလို့ ပြောပါတယ်။

### ကလေးငယ်တွေ စာရေရိက္ခာပြတ်လပ်မှု ခံစားနေရ

မေလမှာ အစ္စရေးတပ်ဖွဲ့ဝင်တွေ ဂါဇာကိုရောက်လာခြင်းက ဂါဇာမှာ ဘေးအန္တရာယ်တွေ ဖြစ်ပေါ်စေမယ့် အရိပ်အယောင်တွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ရာဖာမှာ ဆက်လက်ဖြစ်ပွားနေတဲ့ အခြေအနေတွေက ကလေးငယ်တွေအတွက် တကယ့်ကို ဘေးဒုက္ခပါပဲလို့ ပါလက်စတိုင်းမှာရှိတဲ့ ယူနီဆက်ဖ်ရဲ့ ဆက်သွယ်ရေး အကြီးအကဲဖြစ်တဲ့ ဂျွန်နသန်ခရစ်က ပြောကြားခဲ့ပါတယ်။ ကလေးငယ်တွေအတွက် အစာအာဟာရ ထောက်ပံ့ပေးမယ်ဆိုရင် ကလေးငယ်တွေကြား အာဟာရမပြည့်ဝခြင်းကို ကူညီဖြေရှင်းပေးရာ ရောက်မှာဖြစ်ပြီး အကယ်၍မထောက်ပံ့ပေးဘူးဆိုရင်တော့ ကလေးငယ် ၃၀၀၀ လောက်ကြီးမားတဲ့ စားရေရိက္ခာပြတ်လပ်မှုကို ခံစားကြရမှာ ဖြစ်ပါတယ်။

### ငတ်မွတ်ခေါင်းပါးမှုကို ပိုဖြစ်စေ

ဂါဇာမြောက်ပိုင်းကို အစ္စရေးတပ်ဖွဲ့တွေက လအတော်ကြာဖြတ်တောက်ပိတ်ဆို့ခဲ့ခြင်းက တောင်ပိုင်းထက် ငတ်မွတ်ခေါင်းပါးမှုကို ပိုဖြစ်စေပါတယ်။ အီဂျစ်ကိုဖြတ်ပြီး ရာဖာမှတစ်ဆင့် အကူအညီတွေဟာ တဖြည်းဖြည်းပြတ်တောင်းပြတ်တောင်းဝင်ရောက်နေသလို အစ္စရေးမှတစ်ဆင့် ကီရမ်ရှာလွန်မှလည်း တဖြည်းဖြည်း ဝင်ရောက်နေပါတယ်။ အခုတော့ အီဂျစ်နယ်စပ်ကိုလည်း အစ္စရေးတပ်ဖွဲ့ဝင်တွေက ထိန်းချုပ်လိုက်ပါပြီ။ ရာဖာမှတစ်ဆင့် အကူအညီတွေ ဖြတ်ကျော် ဝင်ရောက်နိုင်မှုကိုလည်း ပိတ်ဆို့လိုက်ပါပြီ။ ကီရမ်ရှာလွန်မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေပေးဖို့ဆိုတာလည်း ခက်ခဲလာပါပြီ။

> **စားရေရိက္ခာနဲ့ ဆေးဘက်ဆိုင်ရာ ထောက်ပံ့ပေးနိုင်မှု တအိအိပြိုလဲလာခြင်းက စိတ်မကောင်းစရာဖြစ်ရပ်တစ်ခုပါပဲ။ ဂါဇာပြည်သူတွေဟာ တဖြည်းဖြည်းအစာငတ်သေမှာ၊ ရောဂါတွေကြောင့်သေမှာ၊ ဆေးဘက်ဆိုင်ရာ အကူအညီမရမှုတွေကြောင့် သေမှာကိုတောင် ထိတ်လန့်ကြောက်ရွံ့နေကြပါတယ်။**

### ထောက်ပံ့ပစ္စည်းတွေ ပြတ်တောက်



အစ္စရေးတို့ ထိုးစစ်ဆင်နွဲမှုကြောင့် ဂါဇာဒေသမှ အစားအစာအတွက် တောင်းခံနေသည့် ပါလက်စတိုင်းကလေးငယ်များ။

ဂါဇာထဲကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေပေးဖို့ဆိုတာ သုံးပုံပုံနှစ်ပုံလောက်အထိ ကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။ ဂါဇာမြောက်ပိုင်းကို အစားအသောက်တွေ အတော်များများ ဝင်ရောက်နိုင်တယ်ဆိုတာက တခြားလမ်းကြောင်းအသစ်တွေကတစ်ဆင့် ဝင်ရောက်လာနိုင်တာဖြစ်ပါတယ်။ သို့သော်လည်း ဂါဇာတောင်ပိုင်းမှာရှိတဲ့ လူတွေက အစားအသောက်တွေ၊ ထောက်ပံ့ပစ္စည်းတွေ ပြတ်တောက်နေကြပြီလို့ ပါလက်စတိုင်းနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအစီအစဉ် အကြီးအကဲက ပြောကြားလိုက်ပါတယ်။

### အရပ်သားတွေကို ခြိမ်းခြောက်လျက်ရှိ

မြောက်ပိုင်းမှာတော့ လွန်ခဲ့တဲ့ သီတင်းပတ်ငါးပတ်ကထက် အခြေအနေတွေ တိုးတက်ကောင်းမွန်လာပါပြီ။ သို့သော်လည်း တခြားဒေသတွေဖြစ်တဲ့ ဂါဇာအလယ်ပိုင်းနဲ့ အထူးသဖြင့် တောင်ပိုင်းဒေသတွေမှာ မေ ၇ ရက်ကတည်းက အခြေအနေတွေဟာ နောက်တစ်ကြိမ် ဆိုးရွားလာခဲ့ပါတယ်။

ပြည်သူတွေ အကူအညီအထောက်အပံ့တွေမပြတ်တောက်ခင် တစ်ပတ်စာလောက်အထိပဲ အချိန်ရတော့မယ်။ အမေရိကန်က တည်ဆောက်ပေးခဲ့တဲ့ ရွေ့လျားဆိပ်ကမ်းလေးကလည်း အခုတော့ ဆိုးရွားတဲ့ရာသီဥတုကြောင့် ပျက်စီးခဲ့ပါပြီ။ ပြန်ပြင်ဖို့ဆိုတာကလည်း ဝေးသေးပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်ကုန်က အစ္စရေးလေကြောင်း တိုက်ခိုက်မှုတစ်ခုကြောင့် ဒုက္ခသည်ခိုလှုံရေးစခန်းတွေ မီးတောက်လောင်ခဲ့ပြီး လူ ၄၅ ဦးလောက် သေဆုံးခဲ့ပါတယ်။ ဂါဇာမှာ လုပ်ခဲ့တဲ့ စစ်ဆင်ရေးအတွင်း ဗုံးဒဏ်တွေ၊ ကျည်ဆန်တွေက အရပ်သားတွေကို ခြိမ်းခြောက်လျက်ရှိပါတယ်။

### လူသားချင်းစာနာမှု လုံးဝဆိုးရွားလျက်ရှိ

စားရေရိက္ခာနဲ့ ဆေးဘက်ဆိုင်ရာ ထောက်ပံ့ပေးနိုင်မှု တအိအိပြိုလဲလာခြင်းက စိတ်မကောင်းစရာဖြစ်ရပ်တစ်ခုပါပဲ။ မမျှော်မှန်းနိုင်တဲ့ အကူအညီတွေ ဂါဇာထဲကို တဖြည်းဖြည်းစီးဝင်လာတာက တိုးတက်မှု အရိပ်အယောင်ကို ပြနေသော်လည်း တကယ်တမ်းကျတော့ လူသားချင်းစာနာထောက်ထားမှု အခြေအနေကတော့ လုံးဝကို ဆိုးနေပါတယ်။

အခုတော့ ဂါဇာပြည်သူတွေဟာ တဖြည်းဖြည်း အစာငတ်သေမှာ၊ ရောဂါတွေကြောင့်သေမှာ၊ ဆေးဘက်ဆိုင်ရာ အကူအညီမရမှုတွေကြောင့် သေမှာကိုတောင် ထိတ်လန့်ကြောက်ရွံ့နေကြပါတယ်။

### ရှိရင်းစွဲအခြေအနေကို ပိုလို့တောင်ဆိုးစေ

လွန်ခဲ့တဲ့ တစ်ပတ်ကလည်း ဂါဇာမှာ အသက် ၁၃ နှစ် ကလေးတစ်ဦး အစာငတ်ပြီးသေဆုံးခဲ့ပါတယ်။ ဒါတွေက အရေးပေါ်အကူအညီတွေ လိုအပ်နေတယ်ဆိုတာကို ဖော်ပြနေပါတယ်။

ဂါဇာမှာရှိတဲ့ အသက်ငါးနှစ်အောက် ကလေးငယ်တွေဟာ ဘာမှမစားဘဲ တစ်နေ့တာကို ဖြတ်သန်းနေကြတာပါ။ လျှပ်တစ်ပြက်ပြုလုပ်လိုက်တဲ့ စစ်တမ်းတစ်ခုက ၈၅ ရာခိုင်နှုန်းသော ကလေးတွေဟာ ဘာအစားအစာမှ မစားရဘဲ တစ်နေ့လုံး ဖြတ်ကျော်နေခဲ့တာကို တွေ့ရှိပါတယ်။ စားရေရိက္ခာ ပြတ်လပ်တာ တကယ့်အန္တရာယ်မဟုတ်သေးဘဲ အခုတော့ သန့်ရှင်းတဲ့ရေလည်း ပြတ်လပ်နေသလို ရေဆိုးစနစ်တွေလည်း မရှိတဲ့အတွက် ကလေးတွေဟာ အခုတော့ ကူးစက်ရောဂါအခြေအနေတွေကို စိုးကြောက်နေရပါပြီ။ ဆေးရုံဆေးခန်းတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုမပေးနိုင်တာတွေက ရှိရင်းစွဲအခြေအနေကို ပိုလို့တောင်ဆိုးစေပါတယ်။ ဂါဇာရဲ့အခြေအနေဟာ ပြီးဆုံးမယ့် အရိပ်အယောင် မတွေ့ရသေးပါဘူး။

ကိုးကား- စီအင်န်အေ၊ အေဘီစီ

# ဒွါရာဝတီ ငပလီကမ်းခြေဒေသမှ MSME ငါးနီတူပြုတ်ခြောက်လုပ်ငန်းကို လေ့လာခြင်း

ကိုငါးကြီး(ငါးလုပ်ငန်းဦးစီးဌာန)

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေသည် ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်း ဘင်္ဂလား ပင်လယ်အော်၏ နေဝင်ရာ အနောက်အရပ်ကို မျက်နှာမူလျက်တည်ရှိကာ ပြန့်ပြူးသောရေပြင် ညီကမ်းခြေ၊ ဖြူလွှသောသဲသောင်ပြင်၊ ကြည်လင်သောရေပြင်နှင့် ပြာလဲ့သောပင်လယ်ပြင်ကြီး တို့ဖြင့် ကမ်းခြေအလျား ၈ ဒသမ ၅ မိုင်ခန့်ရှိကာ အေးချမ်းသာယာလှပသောကမ်းခြေအဖြစ် ကောင်းသောအမည်နာမများဖြင့် ကမ္ဘာကျော်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။ အလွန်ကျယ်ပြောပြီး အေးချမ်းသော ကမ်းခြေပင်လယ်ပြင်ကြီးကို ပိုင်ဆိုင်ထားသဖြင့် ပြည်တွင်း ပြည်ပမှ အနားယူ အပန်းဖြေညေ့သည်များဖြင့် အလွန်စည်ကားသလို တစ်ခါတစ်ခေါက်လာရောက်သော ဧည့်သည်များ အား လတ်ဆတ်သော ရေငန်ငါး/ပုစွန်မျိုးစုံတို့ ကလည်း သဘာဝမှ မျက်နှာသာပေးထားသည့် အလား ပင်လယ်စာများစွာဖြင့် ဆွဲဆောင်မှု ကောင်းသော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်းတွင် တည်ရှိသော ငပလီဒေသသည် ကမ်းနီး၊ ကမ်းဝေး ပင်လယ်ငါး၊ ပုစွန်ဖမ်းဆီးရေး၊ ကဏန်းပျော့မွေးမြူရေး၊ ရေချိုရေငန်ပုစွန်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရေး၊ ငါး၊ ပုစွန် (အစို/အခြောက်) ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် တန်ဖိုးမြှင့်အေးခဲ ငါး/ပုစွန်/ ကင်းမွန်၊ ကဏန်းပျော့ များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချသည့် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံများဖြင့် ရေလုပ်ငန်း အခြေပြုဒေသတစ်ခုလည်း ဖြစ်ပါသည်။

### ရည်ရွယ်ချက်

သံတွဲမြို့နယ် ငပလီဒေသကို အခြေပြုကာ ရေငန်ငါး/ပုစွန်မျိုးစုံကို ဖမ်းဆီးထုတ်လုပ်ပြီး ဒေသခံနှင့် ခရီးသွားအပန်းဖြေညေ့သည်များ စားသုံးသည်မှ ပိုလျှံသော ငါး/ပုစွန်ရေထွက်ပစ္စည်းမျိုးစုံကို ပြည်တွင်း ပြည်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချခြင်းမှသည် တစ်ဆင့်မြှင့်ကာ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များအဖြစ် ထုတ်လုပ်တင်ပို့ရာတွင် မိမိတို့ရပ်ရွာအတွင်း ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားစေ၊ ဒေသတွင်းဝင်ငွေများလည်း တိုးတက်ရရှိစေရန် ရည်ရွယ်၍ MSME ဟုခေါ်သော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် ဒေသစွန့်ခွာ ရွှေ့ပြောင်းလုပ်သား ရေစီးကြောင်းကို ထိန်းသိမ်းနိုင်ခြင်း၊ ဒေသခံများ ဝင်ငွေတိုးမြှင့်လာခြင်းဖြင့် လူမှုစီးပွားဘဝ (Socio-economic)ခိုင်မာလာခြင်းနှင့်အတူ ဒေသတည်ငြိမ်အေးချမ်းရေးကို အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်လာစေရန် ရည်ရွယ်တင်ပြရခြင်းဖြစ်ပါသည်။

### ငပလီ ကမ်းခြေဒေသမှ ငါးနီတူ-ကျော့ပိုက်လုပ်ငန်း၏ သမိုင်းကြောင်း

ငါးနီတူကိုအဓိကထား ဖမ်းဆီးသော ကျော့ပိုက်ဆိုသည်မှာ နိုင်လွန်အမျိုးအစား၊ ဖော့ပိုက်အမျိုးအစား၊ ပလတ်စတစ်အမျိုးအစား ပိုက်သားများကို ပေါင်းစပ်၍ ကြိုးအမျိုးမျိုး၊ ဘော့သီးအမျိုးမျိုး၊ ခဲကွင်းအမျိုးမျိုးတို့ဖြင့် ပိုက်ဖောင်ဖွဲ့စည်းပြီးလျှင် ရေပေါ်ငါးမျိုးနွယ်စုများဖြစ်ကြသော ငါးနီတူ၊ ငါးကုန်းညို၊ ငါးဝိုင်း စသည့်ငါးမျိုးနွယ်စုတို့ကို လှေနှစ်စင်းဖြင့် ဝိုင်းကျော့ဖမ်းဆီးရသော ပိုက်အမျိုးအစား လုပ်ငန်းဖြစ်ပါသည်။ ငပလီကမ်းခြေဒေသတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၆ နှစ်၊ ၁၉၇၈ ခုနှစ်ခန့်ကပင် လုံးသာကျေးရွာမှ စတင်ခဲ့ပြီး ယင်းအချိန်ကာလများ၌ လက်လှော်၊ လက်ခတ်လှေများဖြင့် ပင်ပန်းဆင်းရဲစွာဖြင့် လုပ်ကိုင်စားသောက်ခဲ့ကြရပါသည်။ ပိုက်အမျိုးအစားမှာ ချည်ထည်ပိုက်များဖြစ်သောကြောင့် နှစ်နှစ်ခန့်သာ အသုံးပြုကြရပြီး ဆွေးမြည့်ပျက်စီးသွားပါသည်။

၁၉၈၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ရေလုပ်ငန်းလုပ်ကိုင်သူများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ခိုင်ခံ့သောပိုက်များ (နိုင်လွန်၊ ဖော့အမျိုးအစားပိုက်)နှင့် စက်အမျိုးမျိုးတို့ကို ပြည်ပမှ မှာယူတင်သွင်းပေးပြီးလျှင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပံ့ပိုးပေးခဲ့သောကြောင့် လက်လှော်လက်ခတ်လှေများဖြင့် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်ရသော အခြေအနေမှသည် စက်ကိုတပ်ဆင်၍ ပိုမိုခိုင်ခံ့သောပိုက်များကို အသုံးပြုကာ လုပ်ကိုင်စားသောက်ရသော ခေတ်ဆီသို့ အသွင်ကူးပြောင်းလာခဲ့ပါသည်။

ထိုအချိန်က ငါးနီတူ - ကျော့ပိုက်လုပ်ငန်းဖြင့် ငါးဖမ်းလုပ်ကိုင်စားသောက်သူဦးရေမှာ ဒေသခံလူနည်းစုလောက်သာရှိခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ဒေသတစ်လျှောက် ကျော့ပိုက်လုပ်ငန်းဖြင့် ငါးနီတူဖမ်းဆီးသူ ပိုမိုများပြားလာခဲ့ပြီး ခေတ်မီတိုးတက်သော နည်းပညာများကိုပါ ပေါင်းစပ်ပြီး ငါးဖမ်းဆီးလာကြသောကြောင့် ယခင်ကထက် ကုန်ထုတ်စွမ်းရည်များ ပိုမိုတိုးတက်ထုတ်လုပ်လာကြပါသည်။ ကျော့ပိုက်ဖြင့် ငါးနီတူဖမ်းဆီးခြင်းလုပ်ငန်းကို နှစ်စဉ် စက်တင်ဘာလတွင် ပိုက်များ၊ လှေများကို ပြင်ဆင်ပြီး အောက်တိုဘာလတွင် စတင်ငါးဖမ်းလုပ်ကိုင်ကြပြီး မေလလယ်ခန့်တွင် လုပ်ငန်းရပ်နားကြပါသည်။ ရပ်နားရသော အဓိကအကြောင်းရပ်မှာ မေလတွင် မုတ်သုံလေ စတင်ဝင်ရောက်လာပြီဖြစ်သဖြင့် လှိုင်းလေထန်ခြင်း၊ ရေများနောက်ကျိလာခြင်း၊ ကျော့ပိုက်ဖြင့် အဓိကဖမ်းဆီးရရှိသော ငါးနီတူ၊ ငါးဝိုင်း စသည့်ရေပေါ်ငါးများ (Pelagic fish) ကွယ်ပျောက်သွားခြင်းတို့ကြောင့် ဖြစ်ပါသည်။

၎င်းငါးနီတူငါးမျိုးစိတ်သည် မုတ်သုံရာသီတွင် အိန္ဒိယသမုဒ္ဒရာ၌ ပေါက်ပွားရှင်သန်ကြပြီး မုတ်သုံဆုတ်ခွာချိန်ကာလတွင် အရွယ်ရောက်ပြီး ငါးများအဖြစ် မြန်မာနိုင်ငံ ကမ်းရိုးတန်းဘက်ဆီသို့ တဖြည်းဖြည်း ရွှေ့လျားဝင်ရောက်လာကြပြီး ၎င်းငါးမျိုးစိတ်တို့၏ သက်တမ်းမှာလည်း တစ်နှစ်ခန့်သာ အသက်ရှင်နိုင်ကြကြောင်း လေ့လာသိရှိရပါသည်။ ငါးနီတူ - ကျော့ပိုက်လုပ်ငန်းသည် နေရောင်ခြည်ကို အမှီပြုကာ အခြောက်လှန်းရသော လုပ်ငန်းဖြစ်ပြီး(အောက်တိုဘာလမှ မေလအထိသာ) ငါးဖမ်းလုပ်ကိုင်ခြင်းကြောင့် ငါးမျိုးစိတ်အများစုကို ပြန်နံ့တီးစေသည့် ဥချ၊ သားပေါက်ချိန်ဟု နှစ်စဉ်သတ်မှတ်ထားသော (ဇွန်၊ ဇူလိုင်၊ ဩဂုတ်)လများတွင် ဖမ်းဆီးခြင်းမပြုသည်မှာလည်း ကောင်းမွန်သော အချက်တစ်ခုပင် ဖြစ်ပါသည်။ ကျော့ပိုက်ဖြင့် ငါးနီတူဖမ်းဆီးထုတ်လုပ်ခြင်း လုပ်ငန်းသည် ဒေသတွင်းတွင် အင်အားအကြီးမားဆုံး ကမ်းနီးငါးဖမ်းလုပ်ငန်းဖြစ်ပြီး ကျော့ပိုက်တစ်ဖောင်လျှင် ငါးဖမ်းစက်လှေနှစ်စင်းဖြင့် လုပ်သားအင်အား ပျမ်းမျှ ၁၅ ဦးရှိပြီး ဒေသခံလုပ်သားအင်အားအပြင် ရခိုင်ပြည်နယ် ဒေသအနှံ့မှ ရွှေ့ပြောင်းရေလုပ်သားများအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားနိုင်သည့် လုပ်ငန်းရပ်ကြီးတစ်ခုလည်း ဖြစ်ပါသည်။

### ငါးနီတူ-ကျော့ပိုက်လုပ်ငန်း၏ လက်ရှိအခြေအနေနှင့် ရှေ့အလားအလာ

သံတွဲမြို့နယ် ငပလီမြို့တွင် ဂေါ့၊ ဇီးဖြူကုန်း၊ လင်းသာ၊ မြပြင်နှင့် ဂျိတ္တောရပ်ကွက်ဟူ၍ ရှိရာ အခြားရပ်ကွက်များ၏ ကမ်းခြေများတွင် ပင်လယ်ကမ်းနီးငါးဖမ်းလုပ်ငန်းအဖြစ် ကျော့ပိုက်လုပ်ငန်းသည် အနည်းငယ်စီရှိကြသော်လည်း ရှေးနှစ်များစွာကာလကပင် ဂျိတ္တောရပ်ကွက် (ယခင်က-ဂျိတ္တောကျေးရွာ)၏ ကမ်းခြေများတွင် ကျော့ပိုက်ကို အသုံးပြုပြီး ငါးဖမ်းလာကြသည်မှာ ၁၉၇၈ ခုနှစ်မှ စတင်ပြီး ယခုဆိုလျှင် နှစ်ပေါင်း ၄၆ နှစ်ပင် ရှိလာခဲ့ပါပြီ။ ပြီးနောက် ဂျိတ္တောရပ်ကွက်သည် ရေလုပ်ငန်းတစ်ခုတည်းကိုသာ အဓိကလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေကြသူများပင် ဖြစ်ပါသည်။ ယခုဆိုလျှင် ဂျိတ္တောရပ်ကွက်၌ အိမ်ခြေ ၃၀၀၀ ခန့်နှင့် လူဦးရေ ၁၀၀၀၀ ခန့်ရှိပြီး လူဦးရေ၏ ၈၇ ရာခိုင်နှုန်းမှာ ရေလုပ်ငန်းကို လုပ်ကိုင်၍ရပ်တည်ကာ ကျန်ရှိ ၁၃ ရာခိုင်နှုန်းမှာ

စာမျက်နှာ ၁၇ သို့



နေလှန်းထားသည့် ငနီတူပြုတ်များကို သွားရောက်ကြည့်ရှုလေ့လာစဉ်။

- ကျော့ပိုက်ဖြင့် ငါးနီတူဖမ်းဆီးထုတ်လုပ်ခြင်းလုပ်ငန်းသည် ဒေသတွင်းတွင် အင်အားအကြီးမားဆုံး ကမ်းနီးငါးဖမ်းလုပ်ငန်းဖြစ်ပြီး ကျော့ပိုက်တစ်ဖောင်လျှင် ငါးဖမ်းစက်လှေနှစ်စင်းဖြင့် လုပ်သားအင်အားပျမ်းမျှ ၁၅ ဦးရှိပြီး ဒေသခံလုပ်သား အင်အားအပြင် ရခိုင်ပြည်နယ် ဒေသအနှံ့မှ ရွှေ့ပြောင်းရေလုပ်သားများအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားနိုင်သည့် လုပ်ငန်းရပ်ကြီးတစ်ခုလည်းဖြစ်
- ယခုဆိုလျှင် ဂျိတ္တောရပ်ကွက်၌ အိမ်ခြေ ၃၀၀၀ ခန့်နှင့် လူဦးရေ ၁၀၀၀၀ ခန့် ရှိပြီး လူဦးရေ၏ ၈၇ ရာခိုင်နှုန်းမှာ ရေလုပ်ငန်းကိုလုပ်ကိုင်၍ ရပ်တည်ကာ ကျန်ရှိ ၁၃ ရာခိုင်နှုန်းမှာ အခြားသောစီးပွားရေးကို လုပ်ကိုင်လျက်ရှိကြပါသည်။ ၎င်းရပ်ကွက်ရှိ ကျော့ပိုက်လုပ်ငန်းသည် သင့်တင့်သော အောင်မြင်မှုများကြောင့် လူမှုစီးပွားဘဝ (Socio-economic) အဆင့်အတန်းကို များစွာ အထောက်အကူပြုလျက်ရှိ





နေရောင်ခြည်စွမ်းအင်သုံး ငါးခြောက်လှန်းရုံနှင့် ငါးခြောက်များ။

စာမျက်နှာ ၁၆ မှ

အခြားသောစီးပွားရေးကို လုပ်ကိုင်လျက်ရှိကြပါသည်။ ၎င်းရပ်ကွက်ရှိ ကျောက်ပိုက်လုပ်ငန်းသည် သင့်တင့်သော အောင်မြင်မှုများကြောင့် လူမှုစီးပွားဘဝ(Socio-economic) အဆင့်အတန်းကို များစွာ အထောက်အကူပြုလျက် ရှိနေပါသည်။ ထိုကဲ့သို့ အရေးပါသော ငါးနီတူကျောက်ပိုက်လုပ်ငန်း ရေရှည်ရပ်တည်နိုင်ရေးအတွက် အဓိကအချက်(၄)ချက်သည် အရေးကြီးကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ (၁) ပင်လယ်ကမ်းခြေ၊ (၂) နည်းပညာ၊ (၃) စက်သုံးဆီ၊ (၄) ရင်းနှီးမြှုပ်နှံငွေပံ့ပိုးကူညီနိုင်မှုတို့ပင်ဖြစ်ပါသည်။

ပထမအချက်ဖြစ်သည့် "ပင်လယ်ကမ်းခြေ" မြေနေရာပင်ဖြစ်ပါသည်။ ပင်လယ်ပြင်မှ ဖမ်းဆီးရရှိလာသော ငါး/ပုစွန်အမျိုးမျိုးကို နံနက်စောစောအချိန်တွင် ကမ်းခြေတွင် စုပုံ၍ ဈေးကွက်ဖွင့်ကြရပါသည်။ ပင်လယ်ကမ်းခြေတွင် ကျောက်ပိုက်လှေများနှင့် အခြားလှေများမှ ဖမ်းဆီးရရှိလာသော ငါး၊ ပုစွန်မျိုးစုံကို စုပုံ၍ ငါးလေလံဈေးကွက်ကြီးအဖြစ် ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့် ငါးဈေးပွဲတော်ကြီးတစ်ခုသဖွယ် ရောင်းချကြပါသည်။ ဤနေရာတွင် စဉ်းစားရမည့်အချက်တစ်ခုမှာ ပေလီကမ်းခြေသည် ဂေါ၊ ဇီးဖြူကုန်း၊ လင်းသာ၊ မြပြင်ဟူ၍ ၈ ဒသမ ၅ မိုင်ခန့် ရှည်လျားလှသော ကမ်းခြေများတွင် ဟိုတယ်နှင့်တည်းခိုခန်းပေါင်း ၅၀ ကျော်ခန့် နေရာယူထားလျက်ရှိကြပြီး ကမ်းခြေများတွင် ဟိုတယ်နှင့် လေဆိပ်လမ်း၏ အခြားတစ်ဖက်တွင် တည်းခိုခန်းများအဖြစ် စည်ကားလျက်ရှိကြပါသည်။ ဂျိတ္တောရပ်ကွက်တည်ရှိသည့် ဂျိတ္တောကမ်းခြေမြေနေရာတွင် ရေးယခင်ကပင်အခြားကမ်းခြေများကဲ့သို့ ဟိုတယ်ဟူ၍ မရှိခဲ့ကြဘဲ အခြားကမ်းခြေဟိုတယ်များတွင် အပန်းဖြေအနားယူပြီး တည်းခိုကြသည့် ပြည်တွင်း ပြည်ပ ဧည့်သည်များသည် ဂျိတ္တောကမ်းခြေသို့ တကူးတက လာရောက်ပြီး ဒေသခံတို့၏ ရိုးရာငါးဖမ်းလုပ်ငန်းဖြစ်သော ကျောက်ပိုက်လုပ်ငန်းများကို လေ့လာခြင်း၊ အပျော်ငါးမျှားထွက်ကြခြင်း၊ ကမ်းခြေမှ ရေခဲမထိသေးဘဲ လတ်ဆတ်သောငါးများကို ကိုယ်တိုင်ဝယ်ယူချက်ပြုတ်စားသောက်ကြခြင်းနှင့် ဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၅၀ ကျော်နှင့် ပင်လယ်စာအခြေပြုရောင်းချသော စားသောက်ဆိုင်များမှ ဝယ်ယူခြင်းများဖြင့် ဟိုတယ်လုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းမှာ ပေလီကမ်းခြေ၌ အတူယှဉ်တွဲ ဖွံ့ဖြိုးလာမှုကိုကား မျက်ကွယ်ပြု၍ မရနိုင်ပေ။ အများစုသည် ဒေသခံများ စားသုံး၍ ကုန်နိုင်သည်ကား မဟုတ်မူဘဲ ဒေသခံစားသုံးမှု ၃၀ ရာခိုင်နှုန်းခန့်သာ ရှိနိုင်ပြီး ကျန်ရှိ ၇၀ ရာခိုင်နှုန်းခန့်သည် အခြောက်လှန်းပြီး ငါးခြောက်ပြုလုပ်ကာ ရခိုင်မောင်တောနယ်စပ်ဒေသမှ Border Trade နည်းလမ်းဖြင့် တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိနိုင်ကာ အခြားလမ်းကြောင်းတစ်ခုမှာ ရန်ကုန် မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တင်ပို့ရောင်းချခြင်း၊ ပေလီကမ်းခြေနှင့် သံတွဲမြို့ထဲ၌လည်း ၅၀ ကျပ်သား ခေါင်းမဲ့အထုပ်ကလေးများဖြင့် ပေလီလက်ဆောင်မွန်အဖြစ် သန့်ပြန့်စွာ ဆိုင်တင်ရောင်းချခြင်းနှင့် ငါးနီတူပြုတ်ခြောက်လုပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းများအဖြစ် နည်းအမျိုးမျိုးဖြင့် တင်ပို့ရောင်းချကြပါသည်။


သံတွဲဒေသမှ ငါးဖမ်းစက်လှေများ။

လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း သံတွဲဒေသမှ အခြားဒေသ မြို့နယ်ပြင်ပသို့ တင်ပို့နိုင်ခဲ့သော ငါးနီတူခြောက်ကုန်ချိန်(တန်ချိန်)များမှာ-

| စဉ် | ဘဏ္ဍာရေးနှစ် | တန်ချိန် |
|---|---|---|
| ၁။ | ၂၀၁၄ -၂၀၁၅ | ၁၂၀၈.၀၀ |
| ၂။ | ၂၀၁၅ -၂၀၁၆ | ၈၅၈.၀၀ |
| ၃။ | ၂၀၁၆ -၂၀၁၇ | ၃၄၈.၀၀ |
| ၄။ | ၂၀၁၇ -၂၀၁၈ | ၈၈.၀၀ |
| ၅။ | ၂၀၁၈ -၂၀၁၉ | ၃၃၆.၆၈ |
| ၆။ | ၂၀၁၉ -၂၀၂၀ | ၁၂၄.၃၄ |
| ၇။ | ၂၀၂၀ -၂၀၂၁ | ၂၅၄.၅၀ |
| ၈။ | ၂၀၂၁ -၂၀၂၂ | ၂၅၃၃.၈၁ |
| ၉။ | ၂၀၂၂ -၂၀၂၃ | ၄၁၄၂.၅၃ |
| ၁၀။ | ၂၀၂၃ -၂၀၂၄ | ၂၀၃၇.၄၁ |

ဒုတိယအချက်မှာ "နည်းပညာ" ပင်ဖြစ်ပါသည်။ ယခုအချိန်ထိ နှစ်ပေါင်း ၅၀ နီးပါးခန့် လုပ်ကိုင်လာခဲ့ကြသော ဤကျောက်ပိုက်လုပ်ငန်းတွင် သမားရိုးကျနည်းလမ်းဖြစ်သည့် ကမ်းခြေတစ်လျှောက် ကောက်ရိုးခင်း၊ ဇာပြာပိုက်စခင်းကာ နေလှန်းခြင်းဖြင့် ရရှိလာသော ငါးခြောက်များသည် အလုံးစုံ သဲကင်းစင်မှု၊ သန့်ရှင်းမှုကား ရှိနိုင်မည်မဟုတ်သလို ဧည့်သည်များမှ မျက်မြင်လက်တွေ့ မြင်သွားခြင်းဖြင့်လည်း အမြင်မတင့်တယ်ခြင်း ဖြစ်ကြမှာပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ရိုးရာမြေခင်းငါးလှန်းခြင်းစနစ်အစား တစ်ဆင့်မြင့်ကာ သုံးပေခန့်အမြင့်ရှိသော စင်ပေါ်တင်၍ နေလှန်းအခြောက်ခံခြင်းဖြင့်သော်လည်းကောင်း၊ ထို့ထက် တစ်ဆင့်မြင့်ကာ SDD(Solar Dryer Drome) အဆင့်မြင့် ငါး/ပုစွန် နေခြောက်လှန်းရုံဖြင့်သော်လည်းကောင်း၊ ထို့အပြင် နောက်ထပ်နည်းလမ်းတစ်ခုဖြစ်သည့် ငါးနီတူကို ရိုးရိုးအခြောက်လှန်းကာ တင်ပို့ခြင်းမဟုတ်ဘဲ တန်ဖိုးမြင့်ထုတ်ကုန် (Value added) အဖြစ် "ငါးနီတူပြုတ်ခြောက်" ပြုလုပ်ပြီး ရန်ကုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းပင်ဖြစ်ပါသည်။ ထိုသို့ နည်းလမ်းသုံးခုတွင် ပထမနည်းလမ်းဖြစ်သည့် သုံးပေခန့်အမြင့်ရှိသော စင်ပေါ်တင်၍ နေလှန်းအခြောက်ခံခြင်းကိုကား ရေလုပ်သားအများစု လက်ခံနိုင်လောက်သည့် နည်းလမ်းဖြစ်ပြီး ကုန်ကျစရိတ်လည်းနည်းပါးကာ အထိုက်အလျောက် သဲကင်းစင်မှုရှိနိုင်ကာ ရောင်းချရမှုတွင်လည်း တန်ဖိုးတက်လာနိုင်မည် ဖြစ်ပါသည်။ ဤပထမနည်းလမ်းကိုကား ရေလုပ်သားအများစုမှ မဖြစ်မနေ ပြောင်းလဲလုပ်ကိုင်ကြရန်လည်း လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့အပြင် ဒုတိယနည်းလမ်းဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ငါးခြောက်လှန်းရုံ (Solar Dryer Dome- SDD)ဖြင့် ငါးနီတူများကို နေခြောက်လှန်းကြမည်ဆိုပါက သန့်ရှင်းသော ငါးနီတူများကို အမှန်တကယ်ပင် ရရှိမည်ဖြစ်သော်လည်း ၎င်းနေခြောက်လှန်းရုံတစ်ခု တည်ဆောက်ရန်အတွက် ရင်းနှီးရမည့်ငွေကြေးနှင့် ကိုင်တွယ်သုံးစွဲရမည့် နည်းပညာများကိုကား ယခုလက်ရှိ ၎င်းနည်းလမ်းဖြင့် ငါး၊ ပုစွန်များကို နေခြောက်လှန်းကာ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချနေသည့် နေရာဆီသို့လက်တွေ့လေ့လာရန် လိုအပ်ပြီး ၎င်းအတွက်လည်း မြေနေရာ၊ ရင်းနှီးငွေကြေးများကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ နည်းပညာကိုကား အနီးစပ်ဆုံး ကျောက်ဖြူဒေသတွင် လေ့လာနိုင်ပြီး ရင်းနှီးမတည်ငွေအတွက် နည်းလမ်းတစ်ခုဖြင့် စဉ်းစားကြရမည်ဖြစ်ပါသည်။ သို့ပါသော်လည်း ဤနည်းစနစ်ကား ရင်းနှီးမြှုပ်နှံမှုများပြားကာ ငါးနီတူကဲ့သို့ နေခြောက်လှန်းရန် နေရာအများအပြားလိုအပ်သည့် လုပ်ငန်းနှင့် သဟဇာတဖြစ်မှုနည်းပါးပြီး တန်ဖိုးမြင့် ငါးကြီး ငါးကောင်းများအတွက်သာ ပိုမိုသင့်တော်သော နည်းလမ်းတစ်ခုဟု ထင်မြင်မိပါသည်။

တတိယအချက်မှာ "စက်သုံးဆီ"လိုအပ်ချက်ပင်ဖြစ်ပါသည်။ ဂျိတ္တောဒေသရှိ ကျောက်ပိုက်လုပ်ငန်းများ၏ စက်သုံးဆီလိုအပ်ချက်မှာလည်း မြင့်မားနေပြန်ပါသည်။ လက်ရှိ ကျောက်ပိုက်တစ်ဖောင်လျှင် မြင်းကောင်ရေ ၂၀ အထက် စက်ငါးလုံးခန့် အသုံးပြုဆောင်ရွက်ရသည်ဖြစ်ရာ

**"ကျောက်ပိုက်လုပ်ငန်းရှင်တစ်ဦး၏ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သိန်း ၆၀၀ ခန့်ရှိပြီး နှစ်စဉ် ပြင်ဆင်စရိတ်မှာလည်း တစ်ဦးလျှင် ကျပ်သိန်း ၂၀၀ ခန့်ရှိသည်။ တစ်နှစ်တာကာလအတွက် စက်သုံးဆီအတွက် ကုန်ကျငွေမှာလည်း ကျပ်သိန်း ၂၅၀ ခန့်စီ ရှိကြသည်။ ဖော်ပြပါရင်းနှီးမှု ပြင်ဆင်မှုနှင့် စက်သုံးဆီ အသုံးစရိတ်တို့အတွက် ကျောက်ပိုက်လုပ်ငန်းရှင်များမှ အတိုးနှုန်းနည်းပါးသည့် ချေးငွေ ရရှိရေးအတွက်လည်း မျှော်လင့်စောင့်စားလျက်ရှိနေ"**

တစ်ရက်လျှင် စက်သုံးဆီ(၁၇-၂၀)ဂါလန်ခန့် လိုအပ်လျက်ရှိပါသည်။ ဂျိတ္တောရပ်ကွက်ရှိ ကျောက်ပိုက်ဖောင်ရေများအားလုံးအတွက် တစ်ရက်လျှင် စက်သုံးဆီ ဂါလန် ၂၄၀၀ ကျော်ခန့် လိုအပ်လျက်ရှိပါသည်။ တစ်လလျှင်ပင်လယ်ထွက်ရက် ၂၂ ရက်ရှိသည့်အတွက် တစ်လလျှင် စက်သုံးဆီဂါလန် ၅၂၈၀၀ (သို့) ပီပါ ၁၀၀၀ ကျော်ခန့် လိုအပ်ချက်ရှိမည်ဖြစ်ရာ တရားဝင်လိုင်စင်ဖြင့် နိုင်ငံတော်သို့ အခွန်ကျေပွန်စွာ ထမ်းဆောင်နေသူများအား သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် အဆင်ပြေလွယ်ကူစွာ ဝယ်ယူအသုံးပြုခွင့်ရနိုင်မည်ဆိုပါက အခွန်ကျေပွန်စွာ ထမ်းဆောင်နေပြီး ဒေသ၏ GDP တိုးတက်မြင့်မားအောင် ကုန်ထုတ်လုပ်မှုမြင့်မားစွာ စွမ်းဆောင်ပေးနေသည့် ရေလုပ်သားတို့အား တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးရာလည်း ရောက်ရှိနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကျောက်ပိုက်လုပ်ငန်းများမှ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့်ပါဝင်ကူညီနိုင်ကြမည်သာဖြစ်ပါသည်။

စတုတ္ထအချက်မှာ "ရင်းနှီးမြှုပ်နှံငွေ ပံ့ပိုးကူညီနိုင်မှု"ပင် ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် ကျောက်ပိုက်လုပ်ငန်းရှင်များအတွက် နိုင်ငံတော်မှ ချေးငွေရရှိခဲ့ဖူးပြီး ၎င်းချေးငွေများကို အရင်းရောအတိုးပါ ကျေပွန်စွာ ပြန်လည်ဆပ်ခဲ့ကြပါသည်။ ကျောက်ပိုက်လုပ်ငန်းရှင်တစ်ဦး၏ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သိန်း ၆၀၀ ခန့်ရှိပြီး နှစ်စဉ်ပြင်ဆင်စရိတ်မှာလည်း တစ်ဦးလျှင် ကျပ်သိန်း ၂၀၀ ခန့်ရှိသည်။ တစ်နှစ်တာကာလအတွက် စက်သုံးဆီအတွက် ကုန်ကျငွေမှာလည်း ကျပ်သိန်း ၂၅၀ ခန့်စီ ရှိကြသည်။ ဖော်ပြပါရင်းနှီးမှု၊ ပြင်ဆင်မှုနှင့် စက်သုံးဆီ အသုံးစရိတ်တို့အတွက် ကျောက်ပိုက်လုပ်ငန်းရှင်များမှ အတိုးနှုန်းနည်းပါးသည့် ချေးငွေရရှိရေးအတွက်လည်း မျှော်လင့်စောင့်စားလျက်ရှိနေကြပြန်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်ပိုမိုခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေး ကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်း ခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး၊ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသောငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့် နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးပေးပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲဖြတ်ဖတ်ရှု သတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံ ကြပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မြန်အောင်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြန်အောင် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၃၁ ရက်က မြန်အောင်မြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် (၇၇/၃) အနီး မျှင်ဝါးတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၅၂) အတွင်း ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်-၂ က သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများကို ပျိုးပင်များ ဖြန့်ဝေပေးအပ်ပြီး သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုမျှတပြီး အပူချိန်ထိန်းညှိပေးရန်၊ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်နှင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်အတွက် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်းဖြစ်ပြီး ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ မန်ကျည်းရှား၊ ယမနေစသည့်သစ်မျိုးရှစ်မျိုး စုစုပေါင်းပျိုးပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

၂၀၂၄ ခုနှစ် မိုးရာသီ (အကြို) သစ်ပင်စိုက်ပျိုးပွဲတွင် မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနမှ ဘိနယ်ငါးခုတွင် လူထုဖြန့်အနေဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ပိတောက်၊ ယူကလစ်၊ ကံ့ကော်အပါအဝင် ပျိုးပင် ၁၃ မျိုး စုစုပေါင်း ပျိုးပင် ၁၄၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်-၂ နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မျှင်ဝါးတောင်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၁၁၀ တက်ရောက်ကြကြောင်း သိရသည်။

**ဧရာဦးသာ (မြန်အောင်)**





# မြိတ်ဒေသဈေးကွက်သို့ ကုန်စိမ်းများ လမ်းခရီးကြန့်ကြာမှုကြောင့် ကုန်ပစ္စည်းများပြတ်လပ်မှုနှင့် ပျက်စီးမှုများ ကြုံတွေ့နေရဟုဆို

**မြိတ် ဇွန် ၂**

မြိတ်ဒေသ ဈေးကွက်အတွင်းသို့ ကုန်စိမ်းများ လမ်းခရီးကြန့်ကြာမှုကြောင့် ကုန်ပစ္စည်းများပြတ်လပ်မှုနှင့် ပျက်စီးမှုများကြုံတွေ့နေရကြောင်း ရှမ်းချောင်းကုန်စိမ်းဈေး၌ ကုန်စိမ်းရောင်းချသူများထံမှ သိရသည်။

**ဈေးကွက်သို့ အချိန်မီမရောက်**

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့နယ်ရှိ ဈေးများတွင် ယခုလအတွင်း ရန်ကုန်မှ မှာယူတင်သွင်းနေရသည့် ကုန်ပစ္စည်းနှင့် ကုန်စိမ်းများ လမ်းခရီးအခက်အခဲများ ဖြစ်ပေါ်နေသည့်အတွက် ဈေးကွက်သို့ အချိန်မီရောက်ရှိခြင်း မရှိခြင်းတို့ကြောင့် ကုန်ပစ္စည်းနှင့် ကုန်စိမ်းများ၊ ဘုရားပန်းများ ပြတ်လပ်ကာ ကုန်ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း သိရသည်။

"ရန်ကုန် - မြိတ်ပြည်ထောင်စုလမ်းပိုင်းနေရာတချို့မှာ မေလဆန်းပိုင်းက တိုက်ပွဲဖြစ်ပွားလို့ လမ်းခရီးပိတ်ဆို့မှု ဖြစ်တာရယ်။ မေလထဲမှာပဲ တစ်ခါဘီးလင်းဘက်က ကျုံးအိတ်တံတားကျိုးသွားတဲ့အတွက် ကားလမ်းတွေပိတ်ဆို့ကြန့်ကြာမှုတွေနဲ့ကြုံနေရတယ်။ မြိတ်မြို့က ကုန်စိမ်းလုပ်ငန်းရှင်တွေ လက်လီကုန်စိမ်းနဲ့ ဘုရားပန်းစတဲ့ လက်လုပ်လက်စား အသေးသမားလေးတွေ အခက်အခဲအများကြီး ကြုံတွေ့ရတာပေါ့။ လုပ်ငန်းရှင်ကြီးတွေက ကုန်စည်ပြတ်တော့ လက်ရှိဈေးကွက်ဝယ်လိုအားကို လိုက်မမီခဲ့ဘူး ဖြစ်သွားလို့ ဈေးတွေက မြင့်တက်လာပါတယ်။ အခုဆိုရင်ဈေးကွက်ထဲမှာ ဂေါ်ဖီထုပ်၊ ငရုတ်သီးစိမ်းတွေ ဈေးကြီးပေးဝယ်နေရတယ်။ ဒါက ဈေးကွက်အခြေအနေနဲ့ ကြုံတွေ့နေရတဲ့ အခက်အခဲဖြစ်ပါတယ်" ဟု ရှမ်းချောင်းကုန်စိမ်းဈေး၌ ကုန်စိမ်းရောင်းချသူ တစ်ဦးက ပြောကြားသည်။

ယခုလို ရက်ရှည်ကားလမ်းပိတ်နေသည့်အတွက် ရန်ကုန်မှ မြိတ်မြို့သို့ တင်သွင်းနေရသည့် ဟင်းသီးဟင်းရွက် (ကုန်စိမ်း) များ ဈေးတက်ခြင်းဖြစ်ကြောင်း ဒေသခံများက ဆိုသည်။

"လမ်းပြန်ဖွင့်လို့ ကုန်စည်တွေ ရောက်ရှိလာတဲ့အခါမှာတော့ လုပ်ငန်းရှင်ကြီးတွေ ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ပါတယ်။ ကုန်စိမ်းဆိုတော့ ပစ်ချလိုက်ရလို့ ကုန်ကားအစီးလိုက်ပါလာတဲ့ ပစ္စည်းတွေ ပုပ်ကုန်ပြီလေ။ ဒေသခံစားကုန်တွေ ပြတ်လပ်တဲ့အပြင် ဘုရားပန်းတောင် ဝယ်ဖို့မရှိတဲ့ ဘဝရောက်ကုန်တယ်။ ကြက်ဥတစ်လုံး ကျပ် ၅၅၀ အထိ ဝယ်စားခဲ့ရတယ်။ အချို့ကြက်မွေးမြူရေးလုပ်ငန်းရှင်တွေဆိုရင် ကြက်သားပေါက်တွေ အသေအပျောက်ဖြစ်လို့ ဆုံးရှုံးနစ်နာခဲ့ရတယ်။ တစ်ခုခံသာနေတာက ဆန်ဈေးလုံးဝမတက်တာပါပဲ" ဟု မြိတ်မြို့ဈေးကြီးမှ ဈေးသည် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

**ယာဉ်သွားလာမှုပိတ်ဆို့**

ရန်ကုန် - မော်လမြိုင် - ထားဝယ်- မြိတ်ပြည်ထောင်စုလမ်းပိုင်းတွင်ရှိသော ဘီးလင်းမြို့နယ်မှ ကျုံးအိတ်တံတားနှင့် မစောတံတားတို့ကို မေလတတိယပတ်အတွင်းက မိုင်းခွဲဖျက်ဆီးခံခဲ့ရသောကြောင့် ယာဉ်သွားလာမှုပိတ်ဆို့၍ လမ်းခရီး ကြန့်ကြာနေကြောင်း ခရီးသွားများထံမှ သိရသည်။

**မြင့်ဦး (မြိတ်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၄-၂၀၂၄) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပညာရေးဖြင့်သာ မိမိရဲ့ဘဝရည်မှန်းချက်ပန်းတိုင်လျှောက်လှမ်းရာမှာ အမှား၊ အမှန် ခွဲခြားသိမြင်နိုင်မှာဖြစ်ပါတယ်၊ ကျောင်းနေစဉ်အချိန်ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှသာ ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့သားကောင်းများဖြစ်လာမှာပါ။

ဦးအုန်းမြင့်

ဇာဖြူဝင်း(မြဝတီ)

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် **"ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"** ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အဆင့်မြှင့်တင် ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာ သင်ယူနိုင်စေရေးအတွက် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ကြီးကြပ်မှုကော်မတီနာယက ဦးမြင့်ဦး(မြို့နယ်ပညာရေးမှူး-ငြိမ်း)၊ အ.ထ.က(၁) ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့်၊ အ.ထ.က(၁) အထက်တန်းပြ ဆရာမဒေါ်ခင်ထွေးရီ၊ မိဘ/ ကျောင်းအကျိုးတော်ဆောင် ဦးမျိုးအောင်နှင့် အ.ထ.က(၁) ကျောင်းသူ မဆောင်းနှင်းရွှေစင်တို့၏ ရင်တွင်းစကားသံများ တင်ပြလိုက်ပါသည်။

**ဦးမြင့်ဦး ကြီးကြပ်မှုကော်မတီ နာယက**
**(မြို့နယ်ပညာရေးမှူး-ငြိမ်း)**

ယနေ့ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မြို့နယ်ဖိတ်ကြားမှုနှင့် တက်ရောက်ပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသားမိဘများ တွေ့ဆုံတဲ့အခါမှာလည်း မြဝတီမြို့နယ်ရဲ့ ပညာရေးကို ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစွမ်းကုန်မြှင့်တင်ရေး လုပ်ငန်းတွေ အများကြီးရလာခဲ့ပါတယ်။ မြဝတီမြို့နယ်အနေနဲ့ အခြေခံပညာကျောင်းပေါင်း ၁၀၅ ကျောင်းရှိပြီး ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းငါးကျောင်း စုစုပေါင်း အခြေခံပညာသင်ကျောင်းပေါင်း ၁၁၆ ကျောင်း ရှိပါတယ်။ ၁၁၆ ကျောင်းအနက်မှ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စုစုပေါင်း ၇၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျန်ရှိတဲ့ကျောင်းတွေ ဆက်ပြီးဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေပါတယ်၊ အခြေခံပညာကျောင်းတွေ ဖွင့်လှစ်နိုင်ဖို့ ဒေသအာဏာပိုင်၊ ခရိုင်နဲ့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းလျက်ရှိပါတယ်။ အခြေခံပညာကျောင်းသား ကျောင်းသူဦးရေ ၃၈၀၀၀ ခန့်မှန်းထားတာရှိပါတယ်။ လက်ရှိအနေအထားအရ ကျောင်းအပ်နှံပြီး ကျောင်းသား ကျောင်းသူ ၃၁၀၀၀ ကျော်ရှိပြီးဖြစ်ပါတယ်၊ မကြာခင်မှာ သတ်မှတ်ဦးရေပြည့်မှာဖြစ်ပါတယ်။ အခြေခံပညာကျောင်းဘက်ကလည်း ကျောင်းတွေဖွင့်တဲ့ အချိန်မှာကလေးတွေပညာသင်ကြားနိုင်ဖို့ ဆရာ ဆရာမတွေကို ဖြည့်စွက်ပြီးတော့ ပြောင်းရွှေ့ခန့်ထားရေးဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနမှ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် အခမဲ့ဖြန့်ဝေပေးပါတယ်။ ဒါ့အပြင် ဒေသခံအလှူရှင်များကလည်း ကျောင်းသား ကျောင်းသူများ


ဦးမြင့်ဦး


ဦးအုန်းမြင့်


ဒေါ်ခင်ထွေးရီ


ဦးမျိုးအောင်

အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လှူဒါန်းမှုများစွာရှိပါတယ်။ ဒီနေ့ဆိုရင် ဒေသခံအလှူရှင်တစ်ဦးက ဗလာစာအုပ် ဒါဇင် ၅၀၀၀ နဲ့ ကွန်ပါဘူး ၅၀၀၀ ကို လှူဒါန်းပေးပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် ပညာသင်ကြားခွင့် အခွင့်အလမ်းများစွာ ရရှိပါတယ်။ ဒေသအခြေအနေအရအားနည်းချက်ရှိသော်လည်း အခြေခံပညာကျောင်းတွေ အစွမ်းကုန် ဖွင့်လှစ်သင်ကြားနိုင်ဖို့ ပညာရေးဝန်ထမ်းများ၊ မိဘ၊ ဆရာ ပူးပေါင်း၍ ကြိုးစားဆောင်ရွက်လျက်ပါတယ်။ မြဝတီမြို့နယ် ပညာရေးဌာနအနေနဲ့ အခြေခံပညာကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေးနဲ့ ကျောင်းသား ကျောင်းသူများအားလုံး အချိန်မီကျောင်းရောက်ရှိနိုင်ရေး စွမ်းစွမ်းတမံကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်။ မြဝတီမြို့နယ်မှာရှိတဲ့ ဒေသခံအဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မြဝတီမြို့ ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

**ဦးအုန်းမြင့်**
**ကျောင်းအုပ်ကြီး၊ အ.ထ.က(၁) မြဝတီ**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်ကို မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ KG တန်းမှစ၍ Grade-12 အထိ ကျောင်းအပ်လက်ခံခြင်း ဆောင်ရွက်ပေးနေပါတယ်။ မေ ၂၉ ရက်အထိ ကျောင်းအပ်လက်ခံပြီး ကျောင်းသား ကျောင်းသူဦးရေ KG တန်းမှစ၍ Grade-12 အထိ ၂၇၀၀ ကျော်လက်ခံပြီးဖြစ်ပါတယ်။ နောက်ရက်များမှာ ကျောင်းအပ်လက်ခံခြင်း ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ယခင်နှစ်ကျောင်းအပ်နှံမှုထက် ယခုနှစ် ကျောင်းအပ်နှံလက်ခံမှုဦးရေပိုများပါတယ်၊ နိုင်ငံတော်မှလည်း KG တန်းမှစ၍ Grade-12 အထိ ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ကျောင်းအပ်လက်ခံခြင်း ဆောင်ရွက်ပေးမှုအပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နဲ့ ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးပါတယ်။

ကျောင်းသားကျောင်းသူတွေအတွက် ပညာရေးမျှော်မှန်းချက်နဲ့ ပတ်သက်ပြီးတော့ စိတ်ဓာတ်ခွန်အားအနေနဲ့ဆိုရင် ပညာရေးဖြင့်သာ မိမိရဲ့ဘဝရည်မှန်းချက်ပန်းတိုင်လျှောက်လှမ်းရာမှာ အမှား/အမှန် ခွဲခြားသိမြင်နိုင်မှာဖြစ်ပါတယ်၊ ကျောင်းနေစဉ်အချိန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးဘက်စုံပညာရေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်မှသာ ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့သားကောင်းများ ဖြစ်လာစေပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် လူတော်၊ လူကောင်းများ ဖြစ်လာမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် မိဘ၊ ဆရာများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားလိုပါတယ်။

**ဒေါ်ခင်ထွေးရီ**
**အထက်တန်းပြ၊ အ.ထ.က(၁) မြဝတီ**

၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ရက်သတ္တပတ်ပြည့်ပြီဖြစ်တဲ့အတွက် ဇွန် ၃ ရက်မှာ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ဆရာ ဆရာမများရဲ့အခန်းကဏ္ဍအနေနဲ့ကတော့ **"ဆရာနှင့် စာ၊ ရေနှင့် ကြာ"** ဆိုသကဲ့သို့ ကလေးများကို ပညာသင်ကြားပေးရမှာ ဖြစ်ပါတယ်၊ ဆရာ ဆရာမများကတော့ ကျောင်းသား ကျောင်းသူတွေ ကျောင်းသို့ရောက်ရှိရေး၊ ရောက်ရှိလာတဲ့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းနေပျော်ပြီး စာတော်သောကလေးများဖြစ်လာအောင် အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ဗလငါးတန် ဖွံ့ဖြိုးပြီး အင်္ဂလိပ်စာ၊ သင်္ချာနဲ့ ဘက်စုံစွမ်းရည်များထူးချွန်အောင် ကြိုးစားအားထုတ်နိုင်ရေးအတွက် ဆရာ ဆရာမများကလည်း ကြိုးစားသင်ကြားပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် လူရည်ချွန်မောင်၊ မယ်များ ပေါ်ထွက်လာရေးကိုလည်း မွေးထုတ်ပေးရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသောသင်ရိုးမာတိကာအပြင် တွဲဖက်သင်ရိုးမာတိကာဖြစ်တဲ့ သက်မွေး၊ စာရိတ္တ၊ ကာယပညာ၊ ကျောင်းလုပ်ငန်းစတဲ့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင်လည်း စနစ်တကျလမ်းညွှန်သင်ကြားပေးရမှာဖြစ်ပါတယ်။ကျောင်းကောင်စီလှုပ်ရှားနိုင်မှု၊ အားကစားလှုပ်ရှားနိုင်မှုကိုလည်း အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အခုဆိုရင်(KG+12) စနစ်သစ်ပညာရေးကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာအကြီးအကဲများ ဝိုင်းဝန်း


နိုင်ငံတော်မှ ထောက်ပံ့သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ပေးအပ်စဉ်။

ကူညီဆောင်ရွက်မှသာလျှင် **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နိုင်ငံသစ်ဆီသို့ တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒီဆောင်ပုဒ်တွေနဲ့အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါလို့ ပြောကြားရင်း တိုက်တွန်းအပ်ပါတယ်။

**ဦးမျိုးအောင် မိဘ/ကျောင်း**
**အကျိုးတော်ဆောင်၊ အ.ထ.က(၁) မြဝတီ**

ဒီနေ့ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားမှာ ကျောင်းသားမိဘကျောင်းအကျိုးတော်ဆောင် တစ်ဦးအနေနဲ့ ကျောင်းတွေပြန်ဖွင့် ကလေးစာပြန်သင်ရတာဝမ်းသာပီတိဖြစ်ရပါတယ်။ မိဘတွေအနေနဲ့ စီးပွားရေးတစ်ဖက် လုပ်ကိုင်နေရတော့ ကလေးတွေအတွက် ပညာရေးသာ အဓိကပါ။ ကျောင်းအကျိုးတော်ဆောင်အနေနဲ့ ကျောင်းသား ကျောင်းသူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ ကျောင်းလုံခြုံရေး၊ ကျောင်းရဲ့အထွေထွေကိစ္စ၊ သန့်ရှင်းရေးစတဲ့ ကျောင်းပြုပြင်ရေးအပိုင်းကအစ ဝိုင်းဝန်းကူညီထိန်းသိမ်း ဆောင်ရွက်ပေးပါတယ်။ မိဘတွေက ကလေးပညာရေး ဒီထက်မက ပညာတတ်စေချင်ပါတယ်၊ ကျောင်းလည်း မပျက်စေချင်ဘူး၊ ကျောင်းပြန်ဖွင့်တဲ့အချိန် ကလေးတွေအတွက် များစွာဝမ်းသာပီတိဖြစ်ပါတယ်။

**မဆောင်းနှင်းရွှေစင်**
**Grade-9၊ အ.ထ.က (၁) မြဝတီ**

သမီးအနေနဲ့ ကျောင်းလာရောက်အပ်နှံတဲ့အပေါ်မှာ ပထမအချက်ကတော့ အ.ထ.က(၁)ကျောင်း ဝင်းကြီးထဲရောက်တာနဲ့ **"မြန်မာ့ကျောင်း"** သီချင်းသံကြားရတာနဲ့ ကျောင်းသား ကျောင်းသူတိုင်း ကျောင်းတက်ချင်တဲ့ စိတ်ဓာတ်ကို တိုက်တွန်းနှိုးဆော်ပေးတယ်လို့ ကျောင်းသူတစ်ဦးအနေနဲ့ ထင်မြင်မိပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ကျောင်းလာရောက်အပ်နှံတဲ့နေ့မှာဆိုရင် သမီးမိဘကဲ့သို့ အခြားကျောင်းသား ကျောင်းသူတွေရဲ့ မိဘအုပ်ထိန်းသူ မျက်နှာအပြုံးပန်းတွေကို တွေ့ရပါတယ်။ အဲဒီလိုမြင်တွေ့ရတော့ သမီး အ.ထ.က (၁) ကျောင်းတော်ကြီးအတွက် ဂုဏ်ယူမိတဲ့အပြင် ကျောင်းသူတစ်ဦးဖြစ်တဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။ နောက်တစ်ချက်ကတော့ ကျောင်းလာရောက်အပ်နှံနေ့မှာဆိုရင် အတန်းတိုင်း

*စာမျက်နှာ ၂၁ သို့*



မဆောင်းနှင်းရွှေစင်

*စာမျက်နှာ ၂၀ မှ*

ဆရာ ဆရာမတွေ ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့်ရဲ့ ညွှန်ကြားမှုအတိုင်း တာဝန်ကျေပွန်စွာထမ်းဆောင်ဖို့အတွက် စိတ်အားထက်သန်တာ တွေ့ရပါတယ်။ ဆရာ ဆရာမအားလုံးသမီးတို့အပေါ်မှာ မေတ္တာ၊ စေတနာအပြည့်ထားပြီး ကြိုဆို ကျောင်းအပ်လက်ခံပေးတာတွေ့ရပါတယ်။

သမီးအနေနဲ့ အလုပ်ကြိုးစားတဲ့ ဆရာ ဆရာမတွေ အားကျအတုယူပြီး ကျောင်းသူကောင်းတစ်ဦး တာဝန်ကျေပွန်စွာ ဆောင်ရွက်လိုစိတ် ဖြစ်လာပါတယ်။ စံပြကျောင်းသူတစ်ဦး ဖြစ်အောင် ကြိုးစားချင်တဲ့စိတ် ထက်သန်လာပါတယ်။ ကျောင်းသူတစ်ဦးရဲ့ အကြီးမားဆုံးပီတိတစ်ခုကတော့ ကျောင်းသား ကျောင်းသူ တစ်ဦး တစ်ယောက်ချင်းစီတိုင်းရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တဆိုတဲ့ နယ်ပယ်ရပ်သုံးခုလုံးမှာ အဘက်ဘက်မှ တိုက်တွန်းနှိုးဆော်ပေးတဲ့ ကျောင်းတော်ကြီးမှာ ပညာသင်ကြားခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်ကလည်း သမီးတို့ကျောင်းတက်တဲ့အချိန် စာသင်ကြားရေးမှာ အဆင်ပြေစေဖို့အတွက် ကျောင်းသုံးစာအုပ်၊ ဘောပင်၊ ခဲတံစတာတွေ နှစ်စဉ်နှစ်တိုင်း ထောက်ပံ့ပေးပါတယ်။ ထောက်ပံ့ပေးတဲ့အပေါ်မှာ သမီးအနေနဲ့ ကျောင်းသား ကျောင်းသူများရဲ့ ကိုယ်စား ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒါ့အပြင် နိုင်ငံတော်က ပြိုင်ပွဲကျင်းပပေးပါတယ်၊ ဥပမာအားကစားပြိုင်ပွဲ၊ စာပေပြိုင်ပွဲနဲ့ ဘက်စုံထူးချွန်ပြိုင်ပွဲတွေကို ကျင်းပပေးတာကြောင့် သမီးကတော့ ကျောင်းသား ကျောင်းသူများရဲ့ အရည်အချင်းဖော်ထုတ်ခွင့်ရတဲ့အတွက် များစွာဝမ်းသာပီတိဖြစ်ရပါတယ်။

နိုင်ငံတော်မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍကိုဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်ဖော်ဆောင်ပေးရာတွင် **“ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”** ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်စေဖို့၊ ပညာသင်ယူနိုင်စေဖို့ အခမဲ့ပညာရေးစနစ်အပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံ အခမဲ့ထောက်ပံ့ပေးခြင်းဖြင့် ပညာရေးကဏ္ဍကို များစွာအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလားတူ ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ အခြေခံပညာကျောင်း ၆၈ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်း၊ ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်း စုစုပေါင်း ၇၉ ကျောင်း ဖွင့်လှစ် သင်ကြားနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများကို မေ ၂၃ ရက်မှ စတင်လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

# အောင်ပွဲရမန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအမျိုးသားအသင်းအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**မန္တလေး ဇွန် ၂**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ပထမတံခွန်စိုက် ဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အသင်းသည် နေပြည်တော်မှ မော်တော်ယာဉ်ဖြင့် ကြိုဆိုပွဲကျင်းပသည့် မန္တလေးမြို့ လမ်း ၃၀ ရှိ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံးသို့ ယမန်နေ့ညနေပိုင်းကရောက်ရှိကြသည်။

ကြိုဆိုပွဲသို့ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်တို့မှ အား/ကာအရာရှိများ ပိုက်ကျော်ခြင်းဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အောင်ပွဲရအသင်း၏ မိသားစုဝင်များက အောင်ပွဲရ ပိုက်ကျော်ခြင်းအသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနည်းပြများနှင့် လက်ရွေးစင်အားကစားသမားများအား ပန်းကုန်းစွပ်ပြီး ပန်းစည်းများပေးဆက်၍ ဝမ်းမြောက်ဝမ်းသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်အားပေးကြသည်။ ကြိုဆိုပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ အောင်ပွဲရအသင်းအုပ်ချုပ်သူက တိုင်းဒေသကြီး၏ အဓိကပံ့ပိုးမှုဖြင့် ပြိုင်ပွဲယှဉ်ပြိုင်အောင်ပွဲရရှိနိုင်မှုများကို တင်ပြကာ အမျိုးသားပထမတံခွန်စိုက်ဆုဖလားကြီးကို ပြန်လည်အပ်နှံရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လက်ခံ၍ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုသည့် ဆုငွေကျပ် ၁၀ သိန်းကို အောင်ပွဲရအသင်းအား ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ညနေစာဖြင့် တည်ခင်းဧည့်ခံ၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြောင်း သိရသည်။ **တင်မောင် - မန္တလေး**



# မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား နွေရာသီသင်တန်းဆင်းကလပ်များ တိုက်ကွမ်ဒိုပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂**

မျိုးဆက်လူငယ်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား နွေရာသီသင်တန်းဆင်းကလပ်များ တိုက်ကွမ်ဒိုပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။





ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဋ္ဌေးအောင် ကကွက်ပြိုင်ပွဲတွင် တံခွန်စိုက် ဖလားရရှိသွားသော အောင်ဆန်းကလပ်အသင်းအား ဆုဖလားချီးမြှင့်စဉ်။

အဆိုပါပြိုင်ပွဲ၌ သက်တန်းအလိုက် ခါးစည်းအဆင့် ဗိုလ်လုပွဲပြိုင်ပွဲများတွင် ကကွက်နှင့်အတိုက် အားကစားနည်းများ ယှဉ်ပြိုင်ကြရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဋ္ဌေးအောင်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် အမှုဆောင်များ၊ အားကစားဝါသနာရှင်များ၊ မိဘဆွေမျိုးများ ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲအပြီးဆုချီးမြှင့်ပွဲကိုကျင်းပရာ ကီလိုတန်းခါးစည်းအဆင့်လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အမျိုးသား၊ အမျိုးသမီး အကောင်းဆုံးဆုရရှိကြသော အားကစားသမားများအား မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက ကကွက်ပြိုင်ပွဲတွင် ရွှေအခု ၃၀၊ ငွေရှစ်ခု၊ ကြေးကိုးခုဖြင့် တံခွန်စိုက်ဖလား ရရှိသွားသော အောင်ဆန်းကလပ်အသင်းအား ငွေသားဆုနှင့်ဆုဖလားချီးမြှင့်ပြီး အတိုက်ပြိုင်ပွဲအသင်းလိုက်တွင် ရွှေ ၁၉ ခု၊ ငွေ ၁၀ ခု၊ ကြေးအခု ၂၀ ဖြင့် ရွှေပြည်သာအသင်းက တံခွန်စိုက်ဖလား ရရှိသွားသည်။ ယင်းပြိုင်ပွဲကို မေ ၃၁ ရက်မှ ဇွန် ၂ ရက်အထိကျင်းပခဲ့ပြီး ကလပ်အသင်း ၂၈ သင်း၊ ကကွက်ပွဲစဉ်ပေါင်း ၆၀၀ ကျော်နှင့် အတိုက်ပွဲစဉ်ပေါင်း ၈၀၀ ကျော်၊ ကစားသမား ၈၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **အာကာစိုး**

# MNL ယူ -၂၀ လိဂ် ပွဲစဉ် (၁) ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇွန် ၂**

၂၀၂၄ ရာသီ MNL ယူ -၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ဒုတိယနေ့ကို ဇွန် ၂ ရက်က ဆက်လက်ကျင်းပရာ Junior Lions အသင်းနှင့် ဒဂုံစတားအသင်း အနိုင်ရပြီး ရခိုင်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း သရေကျခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးမရှိသရေကျခဲ့သည်။ အဖွင့်ပွဲတွင် နိုင်ပွဲရယူနိုင်ရန် နှစ်သင်းစလုံး အားကုန်ထုတ်ကစားသော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် တစ်မှတ်စီ ခွဲယူခဲ့ခြင်းဖြစ်သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ - ၁၆ လူငယ်လက်ရွေးစင်အသင်းမှ ကစားသမားများ ပွဲအတွေ့အကြုံရစေရန် Junior Lions အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အဖွင့်ပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သည်။ Junior Lions အသင်းသည် ပွဲအစ ၁၅ မိနစ်တွင် စွမ်းဇာနည် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက် အသင်းက ဟံသာဝတီယူနိုက်တက် အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားအသင်းသည် အဖွင့်ပွဲမှာပင် ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို ၂၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ခန့်ဇော်ဟိန်း၊ ၃၀၊ ၅၈ မိနစ်တွင် စောအောင်မျိုးမင်းသိန်း၊ ၅၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ခိုင်မြွေကျော်၊ ၇၈ မိနစ်တွင် ဟိန်းဆက်၊ ၉၀ + ၂ မိနစ်တွင် ဖုန်းသောကြာတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁) တွင် ရှမ်းယူနိုက်တက်၊ အား/ကာသိပ္ပံ၊ ရတနာပုံ၊ Junior Lions နှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲရခဲ့ပြီး ရခိုင်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း သရေကျကာ ရန်ကုန်ယူနိုက်တက်၊ ရောဝတီယူနိုက်တက်၊ မြဝတီ၊ Dagon Port နှင့် ဟံသာဝတီအသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**ရဲရင့်လွင်၊ဓာတ်ပုံ - MNL**





ရခိုင်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်စဉ်။

**မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ**

**နေပြည်တော် ဇွန် ၂** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် PVC Water Pipe ကီလိုဂရမ် ၁၀၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၄၃၂၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့ပြင် ဇွန် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား (ဘားအံ) ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လုဘက်ခြမ်း) ၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Haichen Lithium Iron Phosphate Battery အလုံး ၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို လည်းကောင်း (ဝဲပုံ)၊ အိန္ဒူ-ဘားအံလမ်းကြောင်း၊ အိန္ဒူကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Lactasoy ပဲနို့ဘူး ၁၂၀၀၀၊ 108 ဆပ်ပြာမှုန့် ၉၈၄ ထုပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nidi Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၆၄၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



**ဖမ်းဆီးရမိခဲ့**

ထို့အတူ ဇွန် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ်၌ လိုင်စင်မဲ့ New Anbo-125 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၁၈၃၂၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၆ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆၈ ဘီလီယံတန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၅၆ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဥပဒေအရအရေးယူထား**

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် နံနက် ၆ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ ပင်အုံကျေးရွာအနီးတွင် လုံချိန်ကျေးရွာဘက်မှ မိုင်းပွန်မြို့ဘက်သို့ ကျော်စိန်မောင်းနှင်လာသည့် FORD RANGER မော်တော်ယာဉ်နှင့် ထွန်းမြင့်မောင်းနှင်လာသည့် TOYOTA HILUX SURF မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ဝင်းရွှေအား မိုင်းပွန်မြို့ ဝမ်ဟွေ့ရပ်တွင် VIGO မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ နံနက် ၇ နာရီတွင် အိုက်လောင်အား မိုင်းပွန်မြို့ နားခိုင်ကျေးရွာ လယ်တောရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့၍ စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၆ သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အားဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

